# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၂၀)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ၁၆-၇-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကျစ်မြို့၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(တိဘက်)၏ အပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၃ သို့ ☆

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



**ယနေ့အတွက် ဖတ်စရာ**

နှစ်ထောင်ချီ ပေါက်ဖော်ချစ်ကြည်ရေး ဆက်ခံဖွံ့ဖြိုးမှု လမ်းကြောင်း လက်တွဲလျှောက်လမ်း (ဆောင်းပါး)

စာမျက်နှာ ၁၄





## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့မွန်းလွဲ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ မိုးစပါးစိုက်ပျိုးရေ စတင်ပေးဝေ စိုက်ပျိုးမြေဧက ၅၂၀၇၀ အကျိုးပြုမည်

ဝမ်းတွင်း ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦးမြို့နယ်တို့ရှိ စိုက်ပျိုးမြေဧက ၅၂၀၇၀ အတွက် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေကို ဇူလိုင် ၁၅ ရက်မှ စတင်ပေးဝေလျက်ရှိသည်။

ကင်းတားလက်ဝဲမြောင်း ပေတိုင်-၁၃၄၂၀၀ ရှိ စမုံရေငုပ်ပြွန်မှာ ယခင်က ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သဖြင့်

စာမျက်နှာ ၃ သို့ ❒

## မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှား

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီးနောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

**မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၃



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဇူလိုင် ၁၆ ရက် ၊ ကြာသပတေးနေ့။

မန္တလေး

## ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ

လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် အဝတ်အထည်ရက်လုပ်ရာတွင် အသုံးပြုသည့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ပြည်တွင်းဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရန်၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်အထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရန် ရည်ရွယ်ပြီး "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်အဖြစ် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ခေတ်အဆက်ဆက်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် ကဏ္ဍစုံပါဝင်သော ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာဆွေးနွေးပွဲကို လက်ရှိအစိုးရလက်ထက်တွင် ပထမဦးဆုံးကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက အနီးကပ်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှု၊ စက်မှုကဏ္ဍဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝါမျိုးစေ့ထုတ်လုပ်မှုအစုအဖွဲ့၊ ဝါစိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့၊ ဂျင်ခံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့၊ ဝါဝယ်ယူသူအစုအဖွဲ့၊ ဝါစေ့ကြိတ်ခွဲရောင်းချသူအစုအဖွဲ့၊ ဝါဂွမ်းမှ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ချည်၊ ပိတ်၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းအစုအဖွဲ့၊ ပုဆိုး၊ လုံချည်၊ ချည်စောင်၊ တဘက်၊ လက်သုတ်ပဝါ၊ စားပွဲခင်းထုတ်လုပ်သူအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀၄ ဦး တက်ရောက်ခဲ့သည်။

ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှ လုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာအလိုက် ကျွမ်းကျင်သူများက အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးပွဲပထမနေ့တွင် အစုအဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ရလဒ်များဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့တွင် အစုအဖွဲ့အလိုက် ရလဒ်များကို ပြည်ထောင်စုဝန်ကြီးများနှင့် ထပ်မံပေါင်းစပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးကြရာတွင် ဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာနှင့် သွင်းအားစုများ လိုအပ်ချက်၊ စိုက်ပျိုးရေးရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ဝါမျိုးများ လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် ဝါမျိုးစေ့ထုတ်တောင်သူများ၊ ဝါမျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဝါဂွမ်းဈေးကွက်နှင့် ဝါဂွမ်းအရည်အသွေးတည်ငြိမ်ရေး၊ ပြည်တွင်းစက်ရုံများက လိုအပ်သည့် ဝါဂွမ်းပမာဏရရှိရန် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြင့်တင်နိုင်ရေးနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေး၊ အထည်အလိပ်ထုတ်လုပ်မှုဆိုင်ရာ အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေး၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး အစရှိသည့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## စာရေးဆရာအသင်းနှင့်တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရန် ဆွေးနွေး

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့တွင် စာရေးဆရာအသင်းနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ညောင်ဦးမြို့နယ်စာရေးဆရာကြီးများနှင့် တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာဦးမျိုးညွန့်အောင်က ညောင်ဦးမြို့နယ်အတွင်း စာပေ Book Club အသင်းဝင်များနှင့် စာပေချစ်မြတ်နိုးသူများ ဆွေးနွေးချိန်တွင် ပါဝင်အားဖြည့် အသိပညာပေးရေး၊ စာရေးဆရာအသင်းဝင်များ အမြဲမပြတ်တွေ့ဆုံ၍ ဆွေးနွေးပွဲများပြုလုပ်ရေး တို့ကို ပြောကြားကာ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမောင်လင်းက မြို့နယ်စာရေးဆရာအသင်း၏ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသော စာရေးဆရာအသင်းဝင်များက အကြံပြုဆွေးနွေးတင်ပြကြကြောင်း သိရသည်။

(၄၈၁)

## ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရန် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် ဦးပွားဆုတောင်းပြည့်စေတီတော်ဝင်းအတွင်း ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ဒက္ခိဏာရာမဘုရားကြီးတိုက် တိုက်အုပ် ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု) နှင့် ဘုရားကြီးတိုက် သမ္မုတိဆရာတော်များ၊ ဦးပွားဘုရားသမ္မုတိဆရာတော်များအား အမှူးထား၍ အလှူရှင် သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်အုပ်ချုပ်သူ ဦးတင်မောင်+ဒေါ်ခင်မြမြ၊ (သား)ဒေါက်တာရဲသူရိန် (ပါမောက္ခ၊ ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)+ ဒေါက်တာသီတဂူအောင်၊ (သမီး) ဒေါက်တာသိန်းထွန်းဆောင်+ ဒေါက်တာစန္ဒီမောင်၊ (သား) ဦးရဲတာရာ + ဒေါက်တာသွဲ့ဦးခိုင်၊ (မြေး) မောင်သာစေညွန်း၊ မောင်ဟိန်းစေညွန်း၊ မမေအင်ကြင်းတာရာ၊ မောင်ဘုန်းသူရိန်ခန့်၊ မမေလဝန်းတာရာ မိသားစုတို့က ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်မည့်မြေနေရာအား ယနေ့နံနက် ၉ နာရီ ၉ မိနစ်က မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ ကျင်းပသည်။



ရှေးဦးစွာ သံဃာတော်များအား အလှူရှင်မိသားစုက အရဏ်ဆွမ်း နို့စိမ်းခေါက်ဆွဲကပ်လှူသည်။ ထို့နောက် မြေသန့်မင်္ဂလာကျင်းပမည့်နေရာသို့ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒေါနခြံကျောင်းတိုက်၊ မဟာမုနိဘုရားကြီး ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိသရ(မဟာဂန္ထဝါစကပဏ္ဍိတ)က ငါးပါးသီလနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေ၍ အလှူရှင်မိသားစုက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝန်းကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးဆောင်၍ သူရိန်နန်းမိသားစုနှင့် ဦးပွားဘုရားဂေါပကအဖွဲ့နာယကများ၊ ဂေါပကလူကြီးများနှင့် ဧည့်သည်တော်များ တက်ရောက်၍ ပန္နက်တင်မင်္ဂလာကို ကျင်းပခဲ့ကြောင်း သိရသည်။

(၀၄၆)

## လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်းကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇူလိုင် ၁၅**

လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက်ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ် အ·ထ·က (၁၇) ကျောင်းခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက အ·ထ·က(၁၇)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ဦးကို နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကောက်ယူ၍ လုပ်ငန်းစဉ်အဆင့်အဆင့် ဆောင်ရွက်ပေးခဲ့သည်။

"လမင်းစီမံချက် ဆိုပြီးတော့ ကွင်းဆင်းဆောင်ရွက်ပေးနေတာပါ။ တခြားကျောင်းတွေမှာလည်း ဆောင်ရွက်ပြီးသွားပါပြီ။ အခုကတော့ အ·ထ·က(၁၇)ကျောင်းကို လမင်းစီမံချက်နဲ့ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့အတွက် ကျောင်းသားတွေလိုအပ်တဲ့ ကျောင်းထောက်ခံချက်တွေကို ကျောင်းကနေ ပြည့်ပြည့်စုံစုံ တစ်ချက်တည်း ဆောင်ရွက်ပေးနိုင်တဲ့အတွက် ဆောင်ရွက်ရတာ ပိုပြီးတော့အဆင်ပြေပါတယ်။ ကလေးတွေအတွက်ကတော့ တစ်နေရာတည်း တစုတဝေးတည်းလုပ်ရတဲ့အတွက် ပိုမိုပြီးတော့ အဆင်ပြေတယ်၊ စာသင်ချိန် တစ်ရက်မပျက်ရဘဲနဲ့ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်ပေးနိုင်တဲ့အတွက် ကလေးတွေအတွက် အဆင်လည်းပြေပါတယ်။ ကျွန်တော်တို့ရဲ့ ဌာနရည်မှန်းချက်တွေကိုလည်း အပြည့်အဝအကောင်အထည်ဖော်နိုင်သွားပြီ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း စီမံချက်တွေနဲ့ ကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။ ဒီနှစ်ကတော့ ကျောင်းသားတွေအတွက် ဦးစားပေးပြီးတော့ အသက် ၁၀ နှစ်နဲ့အထက် ကလေးတွေကို လမင်းစီမံချက်နဲ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ကလေးတွေအတွက်ကို တစ်နေရာတည်း တစုတဝေးတည်းလုပ်ပေးရတဲ့အတွက် ကျွန်တော်တို့လည်း ဝမ်းသာပါတယ်။ ကလေးတွေအတွက်လည်း အဆင်ပြေပါတယ်" ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။ **(အောက်ပုံ)**

ဇွန်လ ၁ ရက်မှစတင်၍ လမင်းစီမံချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် စာသင်ကျောင်းများကို ဦးစားပေးကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း၌ ကျောင်းပေါင်း ၂၀ ဆောင်ရွက်ပေးရန် ရည်ရွယ်ထားပြီး ယခုအခါ ကျောင်းပေါင်း ၁၅ ကျောင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက် (သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို အွန်လိုင်းမှဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉
- နေပြည်တော်ရုံး - ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၉-၉၅၄၉၂၁၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၉-၄၃၀၉၆၉၈၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မော်တော်ယာဉ်ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက်နေ့မှစ၍ Vehicle Automatic Valuation System (VAVS) ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကို အသုံးပြု၍ စနစ်အတွင်းသို့ ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှ တစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကို အသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှ ရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက် (e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာ ထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)(၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် နီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

☆ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေး ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးနိုင်မင်းကျော်၊ ဒေါက်တာ သောင်းနိုင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါဖိုရမ်ကို ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ရည်ရွယ်၍ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❒ ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေမှုများ ရပ်တန့်ခဲ့ရပြီး ၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ယာယီရေသွယ်လျောက်နှင့် ယာယီရေပေးမြောင်းများ ဆောက်လုပ်ကာ နွေစပါးနှင့် နွေသီးနှံ စိုက်ဧက ၂၁၀၀၀ ကို ဆည်ရေဖြင့် ပေးဝေနိုင်ခဲ့သည်။

**ရာနှုန်းပြည့်ပြီးစီး**

မိုးစပါးနှင့် မိုးသီးနှံများကို အချိန်မီ စိုက်ပျိုးရေပေးဝေနိုင်ရန် စမုံရေငုပ်ပြွန် အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် တူးမြောင်းအသစ် မြေဖို့လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပမာဏ ၄၅ ရာခိုင်နှုန်းနှင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၅၅ ရာခိုင်နှုန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင်လပထမပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မြင့်အောင်က ပြောသည်။

စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ စိုက်ပျိုးမြေများအတွက် ဆည်ရေကို ဇူလိုင် ၁၁ ရက်တွင် စမ်းသပ်လွှတ်ခဲ့ပြီး စမ်းသပ်မှု အောင်မြင်သဖြင့် ဇူလိုင် ၁၅ ရက်မှစတင်၍ မိုးစပါးစိုက်ပျိုးရေကို အပြည့်အဝ ပေးဝေလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**တောင်တွင်းကြီး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ လမင်းစီမံချက်ဖြင့် ဇွန် ၁ ရက်မှ စတင်၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၁ ရက်အထိ အခြေခံပညာ ကျောင်းပေါင်း ရှစ်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၇၂၄ ဦးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရတနာဒေဝီ)၌ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကိုင်ဆောင် လက်မှတ်မရှိသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ် ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်တွင်းကြီးမြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်သိန်းနှင့် ဦးလွှမ်းမိုးထက်၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များအား နေ့ချင်းပြီး အခမဲ့ထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် အခြေခံပညာကျောင်းများကိုလည်း ဇူလိုင် ၃၁ ရက်မတိုင်ခင် အပြီး ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လဝက ဦးစီးမှူးထံမှ သိရသည်။



**(အပေါ်ပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**

## ကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနမှ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက သာယာအေးရပ်ကွက်ရှိ လေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မိမိသက် ဦးဆောင်သည့် ကျောင်းကျန်းမာရေးဝန်ထမ်းများသည် လေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အရေပြားရောဂါစစ်ဆေးခြင်း၊ သွားရောဂါစစ်ဆေးခြင်း၊ မျက်စိကျန်းမာရေး စစ်ဆေးခြင်း များနှင့်လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ သွားနုတ်ခြင်းများ ဆောင်ရွက်ပေးကြပြီး သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းရှိ သောက်ရေကန်၊ သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် Grade-3၊Grade-4၊ Grade-5 ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးသူနာပြု ဒေါ်တင်တင်အေးက အခြေခံကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး၊ အခြေခံကျန်းမာရေးနှင့်ပတ်သက်သည့် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းများ ဆောင်ရွက်၍ အဖြေမှန်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းကျန်းမာရေးစစ်ဆေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးဝန်ထမ်းများက လေးရွာအခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့အား မျက်စိ၊ သွား၊ အရေပြား ကျန်းမာရေးစစ်ဆေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၅၆)

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြ


ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် တက်ရောက်အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၅

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ"အား ပညာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ပြုလုပ်သည့် အစီအစဉ်သည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)၏ အစီအစဉ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ပြီး လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်ပိုင်းတွင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များ မျှဝေပေးခြင်းအစီအစဉ်ကို ကဏ္ဍများအလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်လိုပါက လူသားအရင်းအမြစ် ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကို ပျိုးထောင်ပေးနေသည့် နည်းလမ်းသည် ပညာရေးကဏ္ဍကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ဒီမိုကရေစီနှင့် လူမှုရေးတရားမျှတမှု၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေဖြစ်မှုစသည့် ယနေ့ခေတ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရေးအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့်ဖွံ့ဖြိုးပြီး နိုင်ငံများ၏ အကြားတွင် ပညာရေး၏ ကွာဟမှုမြင့်မားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် အဓိကလုပ်ဆောင်ကြသည့် ကဏ္ဍများတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှပါဝင်ကြောင်း၊ ပညာရေးကဏ္ဍကိုပြုပြင်ပြောင်းလဲသည့်အခါ အတိမ်းအစောင်း အနည်းငယ်သည်ပင်လျှင် ကြီးစွာသော သက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များသည် စာသင်ခန်းများအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်တိုင်းသည် ပညာရေးကဏ္ဍ တိုးတက်အောင် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံတော်အတွက် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲတွင် ပညာရေးကဏ္ဍ၏ အလွန်အရေးကြီးသည့် အကြောင်းအရာများပါဝင်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အရည်အသွေး မြှင့်တင်ရေးကို စဉ်ဆက်မပြတ်လေ့ကျင့်တည်ဆောက်ရမည် ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ကိုယ်စားလှယ်များ၏ စွမ်းရည်ကို ပိုမိုပြည့်စုံ ကောင်းမွန်လာရန် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် ယနေ့ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲမှ ရရှိလာမည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် အရည်အချင်းပြည့်ဝသည့် ကိုယ်စားလှယ်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊ စံတန်ဖိုးများ၊ ပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံ၊ ပညာရေးမြှင့်တင်မှု မဟာဗျူဟာများ၊ ကျောင်းများဖွင့်လှစ်ခြင်း၊ ကျောင်းသားမိဘများ၏ ပညာရေးကုန်ကျစရိတ် လျှော့ချပေးရေး၊ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို အားပေးပံ့ပိုးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးပံ့ပိုးရေး၊ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်၊ ဆရာအသစ်ခန့်အပ်မှု၊ ကျောင်းများ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့ပညာရေးရုပ်သံထုတ်လွှင့်နေမှု၊ Naypyitaw State Academy တည်ထောင်ဖွင့်လှစ်ခြင်း၊ ဘာသာရပ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ B.A (Law)၊ B.A (Eco) သင်တန်းများဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်ကြားနေသောဘာသာရပ်များ၊ ဆရာများ ဖြည့်ဆည်းရေးအတွက်လေ့ကျင့်ပေးသည့်ပညာရေးတက္ကသိုလ်/ဒီဂရီကောလိပ်များ၊ ဆရာဆရာမများ ဖြည့်ဆည်းရေးအတွက် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ပညာရေး) ဘွဲ့သင်တန်းတက်ရောက်ရန် လျာထားကျောင်းသားစာရင်း၊ တက္ကသိုလ်အသစ်ဖွင့်လှစ်ရာတွင် အနိမ့်ဆုံးလိုအပ်သော သတ်မှတ်ချက်များ၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ University of Distance Education တို့နှင့်စပ်လျဉ်း၍လည်းကောင်း။

ပညာရေးသင်ယူမှု အခွင့်အလမ်းဖွင့်တက္ကသိုလ် (Open University)၊ ဘဝတစ်သက်တာလေ့လာသင်ယူနိုင်မှုမြှင့်တင်ရေး၊ ကျောင်းသားဗဟိုပြုလေ့လာသင်ယူမှုအပေါ် အလေးထားဆောင်ရွက်ရေး၊ အပြန်အလှန် သင်ကြားသင်ယူမှု(Interactive Teaching and Learning)၊ ဆရာ ဆရာမများ စွမ်းရည်မြင့်မားရေး၊ ပညာရေးဝန်ထမ်းများအား ခံစားခွင့်ချီးမြှင့်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြုပြင်မွမ်းမံရေး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ပို့ချနေမှု၊ အွန်လိုင်းစနစ်ဖြင့် ကျောင်းသားမှတ်ပုံတင်ခြင်းနှင့် ငွေပေးသွင်းခြင်းစနစ်၊ သင်ယူမှုစီမံခန့်ခွဲရေးစနစ် (LMS)ဆိုင်ရာ အနာဂတ်အစီအစဉ်များ၊ AI + ပညာရေးပေါင်းစပ်အသုံးချမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ နှစ်အလိုက် အောင်ချက်ရာခိုင်နှုန်း၊ အနာဂတ်မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ထူးချွန်သူများကို ချီးမြှင့်ရေး၊ လူရည်ချွန်စီမံကိန်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်ကြားရေး၊ သုတေသနအားပေးဆောင်ရွက်ရေး၊ ဒီဂျစ်တယ်ပညာရေး၊ လက်ရှိပညာရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာ့ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၆)ကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကား ပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး အတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေး အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်လည်ရှင်းလင်းတင်ပြချက်များအား ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကော်မတီရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊ တံတားဆိုင်ရာ အဆင့်မြှင့်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ် လောဝ်ခွန်-မူးလေး-တိန်ခမ်း-ဖိုက်ကန်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဖိုက်ကန်-တဲစန်း-လောဝ်ခွန်-ကွန်ကျောင်း-တိန်ခမ်းလမ်းသည် ၆ မိုင် ၆ ဖာလုံရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအား ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်စေရန် မြေသားလမ်းအပိုင်းအား ကျောက်ခင်းလမ်းအဖြစ် ၁ မိုင် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော မြေသားလမ်းအပိုင်းများအား ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ် ၁၀၉ လမ်း(၅၅x၅၆)ကြားရှိ ပန်းရုံတော်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရန်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ချမ်းမြသာစည်မြို့နယ်ရှိ ပန်းရုံတော်ချောင်းသည် အရှည် ၂ ဒသမ ၅၂ မိုင်ရှိပြီး အဆိုပါလမ်းပိုင်းတွင် တံတား ၂ စင်းရှိပါကြောင်း၊ ၁၀၉ လမ်း၊ ၅၅ x ၅၆ လမ်းကြားတွင် ပေ ၆၀ အရှည် ပေ ၃၀ အကျယ် တံတား ၁ စင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့နယ် အင်းမချောင်းကူး တံတားအနောက်ဘက်မှ မြို့တွင်းသို့ ၃ ဖာလုံခန့်အား လမ်းသားအမြင့်မြှင့်တင်ပေးရန်အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမမြို့ ချောင်းကူးအင်းမတံတားမှ အနောက်ဘက် အင်းမမြို့တွင်း ၃ ဖာလုံခန့် လမ်းအပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါ အင်းမချောင်းကူးတံတား အနောက်ဘက်မှ မြို့တွင်း မိုင်တိုင်(၁၅၃/၃ နှင့် ၁၅၃/၆)ကြား ၃ ဖာလုံအား လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးမြင့်ဇော်လင်း၏ **ကညွတ်ကွင်းမြို့အနောက် ရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မှု** ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကညွတ်ကွင်း-မြင်ပင်-ရေအိုးစင်လမ်း၏ လက်ရှိလမ်းအခြေအနေမှာ အမာခံလမ်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အမာခံလမ်းပိုင်း ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ၁ မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပစဉ်။

ဆက်လက်၍ ကျန်ရှိသောအမာခံလမ်းပိုင်းအား ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပြီး ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက်လျာထားရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိလမ်းသွယ် ၆ လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မင်းလှမြို့ ပြည်တော်သာအိမ်ရာအတွင်း၌ ပြည်တော်သာလမ်းသွယ် လမ်းသွယ် ၆ လမ်းရှိပြီး အဆိုပါလမ်းသွယ်များအနက် လမ်းသွယ်(၁ နှင့် ၂)ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကနဦး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် လမ်းသွယ်(၃ နှင့် ၄)နှင့် လမ်းသွယ်(၅ နှင့် ၆)တို့ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ၁၂ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း- ရေနံ့သာကားလမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည့် အစီအစဉ်** ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း-ရေနံ့သာ လမ်းအပိုင်း ၂၃ မိုင်နှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်းပိုင်းအား ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် အမာခံလမ်းနှင့် မြေသားလမ်းပိုင်းများအား ရာသီမရွေးသွားလာနိုင်မည့် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **“မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျ ထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် “အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်” တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို”**နှင့် စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က အဆို၏ ရည်ရွယ်ချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရည်ရွယ်ချက်ဖြစ်သည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းခြင်းထက် လက်ရှိဆောင်ရွက်နေသည့်ယန္တရားများကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အချက်အလက်များကို ထိရောက်စွာအသုံးချနိုင်သည့် စနစ်များတည်ဆောက်ခြင်းတို့က ပိုမိုအရေးကြီးသည်ဟု ခံစားမိပါကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါက အမျိုးသားအဆင့် ညှိနှိုင်းရေးယန္တရားကို ဖွဲ့စည်းပုံအတွင်းမှ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံ၏လူဦးရေ၊ အသက်အရွယ်ဖွဲ့စည်းပုံ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မသန်စွမ်းသူဦးရေ၊ သက်ကြီးရွယ်အိုဦးရေ၊ ကလေးသူငယ်ဦးရေ၊ ရွှေ့ပြောင်းနေထိုင်မှု၊ ပြည်တွင်းပြည်ပ သွားရောက်နေထိုင်လုပ်ကိုင်မှု၊ အိမ်ရာအခြေအနေ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားအခြေအနေများအား သိရှိနိုင်သော အခြေခံအချက်အလက်များကို ပေးစွမ်းနိုင်ပါကြောင်း၊ သို့သော် အချက်အလက်ကောင်းများရှိရုံမျှဖြင့် မလုံလောက်ပါကြောင်း၊ ထိုအချက်အလက်များကို စနစ်တကျစုစည်းခြင်း၊ သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မူဝါဒချမှတ်ရာတွင် အကျိုးရှိစွာအသုံးချနိုင်မှသာ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ကို ဖွဲ့စည်းသင့်ပါကြောင်းအဆိုအား ထောက်ခံဆွေးနွေးသည်။

အင်ပူမဲဆန္ဒနယ်မှ ဒေါက်တာငွေဝင်းက သန်းခေါင်စာရင်း အချက်အလက်များမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံအဖြစ်သို့ ကျန်းမာသော၊ ဉာဏ်ရည်ဖွံ့ဖြိုးသော၊ အာဟာရပြည့်ဝသော၊ လူငယ်လူရွယ်များဖြင့်ဖွဲ့စည်းသည့် ပိုမိုကောင်းမွန်သော အနာဂတ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ပြည်သူလူထုအားလုံးအတွက် အထောက်အကူပြု ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူပြီးစီးကာ နောက်ဆုံးရအချက်အလက်အသစ်များ ရရှိထားပြီဖြစ်သောကြောင့် ဤအချိန်သည် သက်သေအခြေပြု အမျိုးသားလူဦးရေမဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် အသင့်ဆုံးအချိန်ဖြစ်ပါကြောင်း။

လူဦးရေဆိုင်ရာအခွင့်အလမ်းအရ အလုပ်လုပ်နိုင်သောအသက်အုပ်စု (၁၅-၆၄နှစ်)သည် မှီခိုသူဦးရေထက် အချိုးအစားများပြားလာသည့်အခါ ထုတ်လုပ်မှုစွမ်းအားမြင့်တက်ပြီး စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ပါကြောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ၂၀၂၅ ခုနှစ် သုံးသပ်ချက်အရ မြန်မာနိုင်ငံသည် ယခုအခါ ဤအခွင့်အလမ်းကို အသုံးချရန် အရေးကြီးသောကာလသို့ ရောက်ရှိနေပြီဖြစ်၍ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်ရန် လိုအပ်ပါကြောင်း။

ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်တမ်းရှည်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုဦးရေ တိုးလာခြင်းသည် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီးပွားရေးတို့အပေါ် ဖိအားသက်ရောက်စေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်က ယနေ့ခေတ်သည် လျင်မြန်စွာပြောင်းလဲနေသော လူမှုစီးပွားအခြေအနေများကို တုံ့ပြန်ရန်ကြိုးစားနေရသည်မှာ အလွန်ခက်ခဲလှပါကြောင်း၊ အချက်အလက်များကို စနစ်တကျကောက်ယူပြီး နိုင်ငံတော်၏ မူဝါဒများချမှတ်ရာတွင် အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် “အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်” ပေါ်ထွန်းလာရန် အလွန်လိုအပ်ပါကြောင်း၊ ကော်မရှင်သာပေါ်ပေါက်လာပါက မည်သည့်ဒေသတွင် ကျွမ်းကျင်မှုလိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းခွင်သို့ လူငယ်အင်အားလွှဲပြောင်းပေးရမည်ကို တိကျသော အချက်အလက်ဖြင့် ညွှန်ပြနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ကော်မရှင်တစ်ရပ်ဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည်မဟာဗျူဟာမြောက် အကျိုးကျေးဇူးအဖြစ် ဘတ်ဂျက်နှင့် နိုင်ငံတော်အရင်းအမြစ်များကို လေလွင့်မှုမရှိဘဲ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဒေသန္တရဖွံ့ဖြိုးရေးဘတ်ဂျက်များ ချထားရာတွင် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ခန့်မှန်းခြေဖြင့်သော်လည်းကောင်း ခန့်မှန်းခွဲဝေခဲ့ကြခြင်းကြောင့် လိုအပ်ချက်နှင့် ထောက်ပံ့မှုလွဲချော်မှုများ ရှိခဲ့သည်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခု ကော်မရှင်က သန်းခေါင်စာရင်းအချက်အလက်များကို Advanced Analytics နည်းပညာဖြင့် တိတိကျကျဆန်းစစ်ပေးမည်ဖြစ်သည့်အတွက် အမှန်တကယ် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဒေသ၊ အလုပ်လက်မဲ့ အများဆုံးဒေသနှင့် အခြေခံအဆောက်အအုံ အလိုလားဆုံးဒေသများကို တိကျစွာဖော်ထုတ်ပြီး နိုင်ငံ့ဘဏ္ဍာငွေတစ်ကျပ်တစ်ပြားမကျန် အထိရောက်ဆုံး ဦးတည်သုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၈၀ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များ၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းသည် ဆောင်ရွက်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ဥပဒေ၏ မျှတမှု၊ ညီမျှမှု အကာအကွယ်ကိုလည်း ပြည်သူများရရှိစေမည်ဖြစ်ပါကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ကြရသူများဖြစ်သည့်အတွက် ပြည်သူကိုဗဟိုပြုပြီး ပြည်သူ့အသံကိုနားစွင့်ကာ ပြည်သူလူထုအကျိုး၊ နိုင်ငံတော်အကျိုးကို အဂတိတရားကင်းရှင်းစွာဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဥပဒေချုပ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းများ ပို့ချပေးမည့်အခြေအနေများနှင့် သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ကို သက်ဆိုင်ရာမြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ မြို့နယ်ဥပဒေအရာရှိများက စာတွေ့နှင့် ကိုယ်တွေ့များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မိုင်းယောင်းမြို့၌ ရိုဘတ်စတာကော်ဖီ စိုက်ပျိုး

**မိုင်းယောင်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာ၌ ယမန်နေ့က မြေနိမ့်ဒေသစိုက် ရိုဘတ်စတာ (Robusta) ကော်ဖီကို ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က စိုက်ပျိုးမည့် မြေနိမ့်ဒေသစိုက် ရိုဘတ်စတာ (Robusta) ကော်ဖီပင်များကို ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက မြေနိမ့်ဒေသစိုက် ရိုဘတ်စတာ (Robusta)ကော်ဖီအပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်၊ ဆိုင်ကယ် သက်တမ်းတိုးနှင့် သင်မောင်းလိုင်စင်ဆောင်ရွက်ပေးနေမှုအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၅)

၀-၀-၀-၀

၀-၀-၀-၀-၀


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## တောင်သူများအတွက် မိုးစပါးစိုက်ပျိုးရေး ထွန်ယက်ဆီ(ဒီဇယ်)များ ရောင်းချပေး

**ပုသိမ်ကြီး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တောင်သူများအတွက် ထွန်ယက်စိုက်ပျိုးရာတွင် အဆင်ပြေစေရန် (ဒီဇယ်)ဆီများ ရောင်းချပေးခြင်းကို မန္တလေး-ပုသိမ်ကြီး ကားလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင်၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စက်သုံးဆီ(ဒီဇယ်)များကို ပုသိမ်ကြီးမြို့နယ်ရှိ တောင်သူများ ထွန်ယက်အသုံးပြုရာတွင် စက်သုံးဆီဝယ်ယူမှု အခက်အခဲမရှိစေရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဂါလန်ပေါင်း ၁၂၀၀၀ ကို ထုတ်ယူအသုံးပြုရန် ခွင့်ပြုချက်ရထားပြီးဖြစ်သည်။ ယနေ့တွင် ဆင်ရွာကြီးကျေးရွာအုပ်စုရှိ တောင်သူ ၇၁ ဦးအတွက် တစ်ဧကလျှင် သုံးဂါလန်နှုန်းဖြင့်(ဒီဇယ်)ဆီ ၃၇၁ ဒသမ ၁၉ ဂါလန်ကို ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးရာသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးအောင်စိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေရန်ကင်း**



## အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးရေးဆွေးနွေး

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးမိသားစုများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှိ စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်နှင့် အမှုဆောင်များ၊ မိဘဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျောင်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုမှာကြားခြင်းနှင့် မိဘဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်မင်းက ကျောင်းဘက်စုံဖွံ့ဖြိုးရေးနှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀

# ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇူလိုင် ၁၅**

၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၈ခုနှစ် ဒုတိယဝါဆို လပြည့်နေ့၊ ဇူလိုင် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကဏ္ဍများအလိုက် လုပ်ငန်းများချောမွေ့စွာ ပြီးစီးရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ငင်းနောက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၆ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**ရပ်စောက် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် စိမ်းလန်းစိုပြည်ရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ၂၀၂၆ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရပ်စောက်မြို့ ဆိုင်းဘုတ်အနီး (ရပ်စောက်-ပင်းတယသွားလမ်းဘေး)တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများသို့ ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဗဟုတပ်နယ်မှူး နှင့်အရာရှိ၊ အရာခံများ၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ၊ မြို့ဖများက စိန်ပန်းပြာ၊ ကုက္ကို၊ ပိတောက်၊ ကျွန်း၊ ခရေ၊ ခါတော်မှိ၊ မျောက်ငို၊ မဟော်ဂနီစသည့် သစ်အမျိုးအစား ရှစ်မျိုး စုစုပေါင်းအပင် ၇၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

## “ စည်ပင်သာယာ ”ငွေစုငွေချေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ “စည်ပင်သာယာ”ငွေစုငွေချေးသမဝါယမအသင်းလီမိတက်အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦး၊ ချမ်းအေးသာစံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌွေးနှင့်တာဝန်ရှိသူများ၊ စည်ပင်သာယာငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး(ဌာနခွဲမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန)တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌက အသင်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းကို ဦးသက်ထွန်းက ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းသားများထံမှ အတည်ပြုချက်ရယူသည်။

ထို့နောက် သဘာပတိ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌွေးက ဆောင်ရွက်ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အသင်းသားမှ ထောက်ခံတင်ပြ၍ အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အတည်ပြုချက်ရယူကာ အမှုဆောင်သစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြပြီး ရွေးချယ်ခံရသော အသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးက မိတ်ဆက်စကားပြောကြား၍ သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

## မန္တလေးနည်းပညာတက္ကသိုလ်၌ လူကုန်ကူးမှု၊ ယာဉ်အန္တရာယ်နှင့် မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးနည်းပညာတက္ကသိုလ်ရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် သတ်မှတ်ဥပဒေ၊ စည်းကမ်းချက်များကို သိရှိလိုက်နာစောင့်ထိန်းနိုင်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ် ပင်မဆောင်သစ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ထိန်းသိမ်းရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးကံညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲမှူးသူဇာလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးမျိုးမင်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၏ အန္တရာယ်များနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသီးသီး ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းယုလှိုင်က ဟောပြောပို့ချခဲ့ကြသည့် ရဲတပ်ဖွဲ့အရာရှိများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တာဝန်ခံဆရာမကြီး ဒေါ်ဝင်းဝင်းမော်က အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ပြောကြားကာ အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့်စိတ်ကြွဆေး Vape အကြောင်းဟောပြောကြသည်။ အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်သည်။

အခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦးခန့် တက်ရောက်ကြသည်။

**ကျော်မင်းသော်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရုံးခွဲသစ်တစ်ခု တိုကျိုမြို့တော်၌ ဖွင့်လှစ်




ဂျီနီဗာ ဇူလိုင် ၁၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်အတွက် တိုကျိုမြို့တော်၌ ရုံးခွဲသစ်တစ်ခုကို ယမန်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရုံးခွဲအသစ်၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းစေရန်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရုံးခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် ၎င်းတို့၏ ကျန်းမာရေးစနစ်အတွက် ငွေကြေးထောက်ပံ့မှု မလုံလောက်ခြင်းနှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အက်ဒါနွမ်ဂါ ဘရီယီယက်စ်က ဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါရုံးခွဲဖွင့်လှစ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအတွက် အကူအညီများပေးရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ပိုမိုခိုင်မာသော ကျန်းမာရေးစနစ်တစ်ခု တည်ဆောက်ရန်အတွက် နိုင်ငံများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံနှင့် အသိပညာများကို မျှဝေရန် အရေးကြီးကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ကီနီချီရိုက ပြောကြားခဲ့သည်။

ဖွင့်လှစ်ခဲ့သည့် ရုံးခွဲအသစ်သည် ဂျပန်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြား ဆက်သွယ်ရေးအချက်အချာတစ်ခုအဖြစ် ခိုင်မာစွာ အမြစ်တွယ်လာမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ တည်ဆောက်ရာတွင် လိုအပ်သည့် အခန်းကဏ္ဍမှ ပါဝင်လိုကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ကီနီချီရိုက ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ခြင်းနှင့် အခြားအချက်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပံ့ပိုးမှု ကျဆင်းလာခြင်းအပေါ် စိုးရိမ်မှုများ တိုးပွားလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် နည်းပညာများကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မျှဝေသွားမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ကီနီချီရိုက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## အပူလှိုင်းကြောင့် ဝယ်လိုအား မြင့်တက်လာခြင်းကို ဖြည့်ဆည်းပေးရန် အဲကွန်းအလုံးရေ ၂၀၀၀၀ ကို ပြင်သစ်နိုင်ငံသို့ တင်ပို့




ပေကျင်း ဇူလိုင် ၁၅

ဥရောပတစ်လွှား ဖြတ်သန်းနေသည့် ပြင်းထန်သော အပူလှိုင်းကြောင့် ဝယ်လိုအား မြင့်တက်လာခြင်းကို ဖြည့်ဆည်းပေးရန်အတွက် တရုတ်အိမ်သုံးလျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းစုကြီးဖြစ်သော Midea က ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ခဲ့ပြီး ခုနစ်ရက်အတွင်း အဲကွန်းအလုံးရေ ၂၀၀၀၀ ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နှစ်က တရုတ်နိုင်ငံ၏ အဲကွန်းကဏ္ဍတွင် ဈေးကွက်ဝေစုအများဆုံး ရရှိခဲ့သည့် အဆိုပါကုမ္ပဏီသည် ဇူလိုင် ၇ ရက်တွင် ထုတ်လုပ်မှုလိုင်းအသစ်တစ်ခုကို စတင်ခြင်းဖြင့် တစ်ရက်လျှင် ရွှေ့ပြောင်းနိုင်သော အဲကွန်းစက်အလုံးရေ ၆၀၀၀ အထိ ထုတ်လုပ်မှုစွမ်းအားကို နှစ်ဆတိုးမြှင့်ခဲ့ပြီး သုံးရက်ခွဲအတွင်း၌ စက်အလုံးရေ ၂၀၀၀၀ စလုံးကို အပြီးသတ်ထုတ်လုပ်နိုင်ခဲ့သည်။

ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် အပြည့်အဝ လည်ပတ်နေရသည့်တိုင်အောင် လုပ်သားအင်အားနှင့် ထုတ်လုပ်မှုစွမ်းအားကို ထပ်မံခွဲဝေပေးခြင်းဖြင့် ပြင်သစ်နိုင်ငံ၏ မှာယူမှုကို ထိုကုမ္ပဏီ၏ စက်ရုံများက ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **Mon**

## တက္ကဆက်မှ ဆစ်ဒနီသို့ ဆိုက်ကပ်သည့် ကုန်သင်္ဘောပေါ်၌ ကိုကင်း ကီလို ၅၀၀ ကျော် သိမ်းဆည်းရမိ

ဆစ်ဒနီ ဇူလိုင် ၁၅

သြစတြေးလျအာဏာပိုင်များသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ ဆစ်ဒနီသို့ရောက်ရှိလာသည့် ကုန်တင်သင်္ဘော ကွန်တိန်နာအတွင်းမှ ကိုကင်း ၅၀၀ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းရရှိခဲ့သည်။

ဇူလိုင် ၁၃ ရက်က ကွန်တိန်နာအတွင်း သံသယဖြစ်ဖွယ် အထုပ်များ တွေ့ရှိခဲ့ကြောင်း၊ နောက်ဆက်တွဲရှာဖွေမှုတွင် အိတ်ကြီး ၁၄ လုံးကို ထပ်မံတွေ့ရှိခဲ့ကြောင်း သြစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် သြစတြေးလျနယ်စပ်စောင့်တပ်ဖွဲ့တို့က ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

ခန့်မှန်းခြေ သြစတြေးလျဒေါ်လာ ၄၀၀ ဒသမ ၅ သန်း တန်ကြေးရှိသည့် ကိုကင်းစုစုပေါင်း ၅၃၄ ကီလိုဂရမ်ကို သိမ်းဆည်းရရှိခဲ့ကြောင်း သြစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## လမ်းပန်းဆက်သွယ်ရေး မတော်တဆမှုများကြောင့် ဇွန်လအတွင်း လူ ၅၀၀ ကျော် သေဆုံး

ဒါကာ ဇူလိုင် ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့် ဇွန်လအတွင်း ကုန်းလမ်း၊ ရထားလမ်းနှင့် ရေလမ်းမတော်တဆမှုပေါင်း ၅၉၀ ဖြစ်ပွားခဲ့ရာ လူပေါင်း ၅၁၃ ဦး သေဆုံးပြီး ၁၃၃၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၁၄ ရက် အစီရင်ခံစာအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လအတွင်း လမ်းပိုင်းဆိုင်ရာ မတော်တဆမှုပေါင်း ၅၃၂ ခုဖြစ်ပွားခဲ့ရာ ၄၆၃ ဦး သေဆုံးပြီး ၁၃၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားလမ်းနှင့်ဆက်နွှယ်သော မတော်တဆမှုပေါင်း ၅၃ ခုတွင် သေဆုံးသူ ၄၅ ဦးနှင့် ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရေလမ်းနှင့်ဆက်နွှယ်သော မတော်တဆမှု ငါးခုတွင် သေဆုံးသူငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးရှိကြောင်း ခရီးသည်များ သက်သာချောင်ချိရေးအသင်းက ထုတ်ပြန်ထားသည်။

မတော်တဆမှုဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများတွင် မိုးရွာသွန်းမှုကြောင့် လမ်းများပျက်စီးကာ ချိုင့်ခွက်များဖြစ်ပေါ်ခြင်း၊ လမ်းလယ်ကျွန်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ မရှိခြင်းကဲ့သို့ လမ်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိခြင်း၊ ကြံ့ခိုင်မှုမပြည့်ဝသောယာဉ်များကို အန္တရာယ်ရှိစွာ မောင်းနှင်အသုံးပြုခြင်းစသည်တို့ ပါဝင်သည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် အပူချိန်မြင့်မား

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပြီး ရှေ့လာမည့်ရက်များတွင် အချို့သောဒေသများ၌ အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်ထက် ကျော်လွန်နိုင်သည်ဟု ခန့်မှန်းသဖြင့် တရုတ်နိုင်ငံ၏ ကျန်းမာရေးနှင့် မိုးလေဝသအာဏာပိုင်များက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပူလှိုင်းဆိုင်ရာ ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်ထားရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်စဉ်ဖြစ်ပေါ်မြဲ ရေလွှမ်းမိုးမှုရာသီ စတင်ချိန်ကတည်းက တရုတ်နိုင်ငံသည် သိသာထင်ရှားစွာ ပူနွေးစိုစွတ်သော ရာသီဥတုအခြေအနေကို ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန်မှာ ၁၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိခဲ့ရာမှ ပုံမှန်ထက် ၀ ဒသမ ၉ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်မားလျက်ရှိရာ ၁၉၆၁ ခုနှစ်နောက်ပိုင်း ကာလတူအပူချိန်များတွင် တတိယမြောက် အမြင့်မားဆုံးဖြစ်ပြီး ပျမ်းမျှမိုးရေချိန် ၂၆၄ ဒသမ ၂ မီလီမီတာရှိခဲ့သဖြင့် ပုံမှန်ထက် ၆ ဒသမ ၁ ရာခိုင်နှုန်း ပိုများကြောင်း သိရသည်။

**Mon**



## တရုတ်အိမ်ခြံမြေဈေးကွက် တဖြည်းဖြည်း တည်ငြိမ်လာ အဓိကမြို့ကြီးများတွင် အိမ်ဈေးနှုန်း ဆက်လက်ကျဆင်း

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် တဖြည်းဖြည်း တည်ငြိမ်လာမည့် အရိပ်အယောင်များကို ပိုမိုအားကောင်းစေလျက် ဇွန်လအတွင်း အဓိကမြို့ကြီးများတွင် တစ်နှစ်ထက်တစ်နှစ် အိမ်ဈေးနှုန်းများ ဆက်လက်ကျဆင်းလာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသားစာရင်းအင်းဌာနမှ အချက်အလက်များအရ ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ရှန်ကျန်းစသည့် တရုတ်နိုင်ငံ၏ ပထမတန်းစား မြို့ကြီးလေးမြို့၌ ဇွန်လတွင် အိမ်သစ်ဈေးနှုန်းများ ယခင်နှစ်ကာလတူထက် ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မေလနှင့်နှိုင်းယှဉ်ပါက ၀ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းသွားသည်။

အဆိုပါဌာနက စောင့်ကြည့်လေ့လာခဲ့သည့် ဒုတိယတန်းစားမြို့ ၃၁ မြို့နှင့် တတိယတန်းစားမြို့ ၃၅ မြို့တို့တွင် တတိယတန်းစားမြို့များရှိ အိမ်သစ်ဈေးနှုန်းများ ကျဆင်းမှုနှုန်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေခဲ့ခြင်းမှလွဲ၍ အိမ်သစ်နှင့် လက်ရှိအိမ်ဈေးနှုန်း နှစ်ခုစလုံး ယခင်လထက် လျော့နည်းသွားကြောင်း သိရသည်။ **Mon**



## ယာဉ်အန္တရာယ် ကင်းရှင်းစေရေး အသိပညာပေး ဟောပြော

**လားရှိုး ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အ·ထ·က(ခွဲ)၊ အ·လ·က(၅)ကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ စစ်ဆေးရေးမှူး (၂) ဦးစိုးရွှေက မော်တော်ဆိုင်ကယ်မောင်းနှင်ခြင်းမပြုမီ စစ်ဆေးရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း၊ ရှေ့ယာဉ်အားကျော်တက်ခြင်း၊ ယာဉ်ကွေ့ရာတွင်လိုက်နာရန်များ၊ အခြားယာဉ်များအား ဦးစားပေးခြင်း၊ ခေတ္တရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း၊ ညအချိန်မောင်းနှင်ခြင်း၊ မိုးရွာနေချိန် မောင်းနှင်ခြင်း၊ အမျိုးသမီးများဆိုင်ကယ်စီးခြင်း၊ ဆိုင်ကယ်စီးရာတွင် သတိပြုရန်၊ လိုက်နာရန်၊ ရှောင်ရန်အချက်များ၊ ယာဉ်တိုက်မှုဖြစ်လျှင် လိုက်နာရန်အချက်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

ထို့အပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များအား ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရေး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**



## မုံရွာမြို့လယ်တွင် ငွေကျပ် ၃၆ သိန်းဖိုးရှိ ပစ္စည်းခိုးသူ ငါးဦး နာရီပိုင်းအတွင်း ဖမ်းမိ

**မုံရွာ ဇူလိုင် ၁၅**

မုံရွာမြို့လယ်တွင် ငွေကျပ် ၃၆ သိန်းဖိုး ပစ္စည်းများခိုးယူသူ ငါးဦးအား ခိုးရာပါပစ္စည်းများနှင့်အတူ နာရီပိုင်းအတွင်း ဖမ်းဆီးရမိသည်။

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အမှတ်(၁)လမ်းရှိ အရောင်းအဝယ်လုပ်သူ၏ နေအိမ်တစ်အိမ်ရှေ့လမ်းဘေးတွင် ဇူလိုင် ၁၂ ရက် နံနက်အစောပိုင်း ၁ နာရီခွဲခန့်က သယ်ယူရန်မလွယ်၍ ခေတ္တထားထားသော ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ အပြာရောင်ဆပ်ပြာဆီပီပါ တစ်လုံးနှင့် ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ဖော့ဘူးခွံငါးတွဲ ပျောက်ဆုံးခဲ့သည်။

ပျောက်ဆုံးသည့် သတင်းရသည့် နံနက် ၃ နာရီတွင် မုံရွာခရိုင် ရဲတပ်ဖွဲ့မှုခင်းနှိမ်နင်းရေးမှ ဒုတိယရဲမှူး စိုးမင်းပိုင် ဦးစီးအဖွဲ့နှင့် မုံရွာမြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင်ရဲအုပ် ဇော်မင်းအောင် ဦးစီးအဖွဲ့တို့က လိုက်လံစုံစမ်းရှာဖွေရာ မုံရွာမြို့၊ ထန်းတောညောင်ရိပ်သာရပ်ကွက်ရှိ အိမ်ငှားတန်းလျားတွင် နေထိုင်သော အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့နှင့်အတူ ပျောက်ဆုံးသည့်ပစ္စည်းများကို တွေ့ရှိခဲ့သည်။

ပျောက်ဆုံးသွားသောပစ္စည်းများနှင့်အတူ တွေ့ရှိသူ ငါးဦးကိုစစ်မေးရာ ၎င်းတို့ ငါးဦးသည် ဇူလိုင် ၁၂ရက် နံနက်၁နာရီခွဲက ပစ္စည်းများကို ဘေးတွဲဆိုင်ကယ်ဖြင့် ခိုးယူသယ်ဆောင်ခဲ့သည်။ သိမ်းဆည်းရမိသည့်သက်သေခံပစ္စည်းများနှင့် ဖမ်းဆီးရမိသူ ငါးဦးအား ဥပဒေအရအမှုဖွင့်စစ်ဆေးအရေးယူနိုင်ရေးအတွက် မုံရွာမြို့မြို့မရဲစခန်းသို့ အပ်နှံထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ရမ်ပူရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဇူလိုင် ၁၅**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ၁၈×၁၈ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်ညှပ် နှစ်ထပ်နေအိမ်၏ အပေါ်ထပ်အခန်းရှိ မီးပလပ်ခုံ အပူလွန်ကဲရာမှ အနီးရှိနံရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်ကြီးနားမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၁၈×၁၈ ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်ညှပ် နှစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင်အား မြစ်ကြီးနားနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံး

**ကျောက်တံခါး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့၊ ရန်ကုန်-မန္တလေးအမြန်လမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၁ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောကျွဲအင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ တောကျွဲအင်းမြို့၊ အောင်ဇေယျ (၂)ရပ်ကွက်နေ ဦးဝေမျိုးထွန်း (၃၀)နှစ်ဆိုသူ မောင်းနှင်ပြီး နောက်တွင် ညီမဖြစ်သူ မအိဝေဖြိုး လိုက်ပါလာသော နံပါတ်မပါ DAYAN-110 မော်တော်ဆိုင်ကယ်သည် ဈေးလမ်းအတွင်းမှ ရန်ကုန်-မန္တလေးကားလမ်းသို့ လမ်းဖြတ်ကူးမောင်းနှင်စဉ် ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာနေ ဦးမျိုးမင်းထွန်း (၃၄)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဟိန်းသူအောင်ဆိုသူ လိုက်ပါလာသည့် NISSAN DIESEL 12 ဘီးမော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဝေမျိုးထွန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် တာကျွဲအင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀



## မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**မိုးညို ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ မိုးသစ္စာကျေးရွာနေ ဦးသန်းဦး (၅၁)နှစ်ဆိုသူ၏နေအိမ်၌ ဘင်ဂိုလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ မိုးညိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်း၏နေအိမ် အရှေ့ခန်းတွင် ဦးသန်းဦးနှင့် တစ်ရွာတည်းနေ ဒေါ်နု (၆၁)နှစ်၊ ဒေါ်ရင်စန်း (၅၇)နှစ်၊ ဒေါ်တင်မိုးခိုင် (၅၁)နှစ်၊ ဒေါ်ကြည်ကြည်ဝင်း (၄၀)နှစ်၊ ဒေါ်လှလှဦး (၄၀)နှစ်၊ ဒေါ်ငုဝါ (၃၆)နှစ်၊ ဒေါ်အေးအေးအောင် (၃၁)နှစ် ဆိုသူတို့အား ဘင်ဂိုလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန်းဦး (ပါ-၈)ဦးဆိုသူအား မိုးညိုမြို့မရဲစခန်းမှ လောင်းကစားဥပဒေ ပုဒ်မဖြင့် လည်းကောင်း။

အလားတူ ညနေ ၅ နာရီခွဲတွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဦးအောင်သူ (၃၈)နှစ်ဆိုသူ၏ နေအိမ်၌ ငါးပစ်ဂိမ်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ကရင်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်သူဆိုသူအား ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဂိမ်းခုံ ငါးခုံနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်သူဆိုသူအား မြဝတီမြို့မ ရဲစခန်းမှ လောင်းကစားဥပဒေ ပုဒ်မဖြင့်လည်းကောင်း။

အလားတူ ည ၇ နာရီခွဲတွင် မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်သက်သက်ခိုင် (၄၃)နှစ်ဆိုသူ၏ နေအိမ်၌ ငါးပစ်ဂိမ်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ကရင်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်သက်သက်ခိုင်နှင့် တစ်ရပ်ကွက်တည်းနေ မောင်မင်းလေးရာဇာ (၁၉)နှစ်၊ မမိုးပပ (၂၁)နှစ်နှင့် မဇင်မာဝင်း (၂၂)နှစ် (ပါ-၄)ဦးအား ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဂိမ်းခုံ ခုနစ်ခုံနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သက်သက်ခိုင်(ပါ-၄)ဦး ဆိုသူတို့အား မြဝတီမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

ထို့အတူ ည ၆ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဖြူချောင်ကျေးရွာနေ ဒေါ်နီလာထွန်း(ခ)နီနီထွန်း(၅၂)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ မွန်ပြည်နယ်မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အောက်ထပ်တွင် ဒေါ်နီလာထွန်း(ခ)နီနီထွန်းဆိုသူအား နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နီလာထွန်း(ခ)နီနီထွန်းဆိုသူအား ဇင်းကျိုက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေ ပုဒ်မဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

☆ စာမျက်နှာ ၂၄ မှ

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ကရင်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင်အမျိုးသား ၄၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် အမ်(၁၆)သေနတ် တစ်လက်၊ အမ်(၄)သေနတ် နှစ်လက်၊ အူဇီသေနတ် တစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ် ကိုးလုံးထိုးကျည်သေနတ် နှစ်လက်၊ Sigsauer ပစ္စတိုသေနတ် သုံးလက်၊ ၉ မမ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ အမ်ဂျီ(၁)လက်ပစ်ဗုံး ၁၀ လုံး၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ ကျည်အိမ် ၁၁ ခုနှင့် ကျည်မျိုးစုံ ၁၈၈ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ငွေကျပ် ၁၅ သိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်လုပ်ပစ္စတိုသေနတ်တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ အမ်ဂျီ-၁ လက်ပစ်ဗုံး ၁၀ လုံးအတွက် ငွေကျပ်သိန်း ၃၀၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် သိန်း ၂၀ ငါးသောင်း၊ စုစုပေါင်း ကျပ်၃၈၂ သိန်း ငါးသောင်းနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ၁၀ ဦး၊ လှိုင်းဘွဲ့မြို့နယ်မှ တစ်ဦး၊ ကမမောင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ သုံးဦး၊ သထုံမြို့နယ်မှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ နှစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်မှ သုံးဦး၊ တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ ရန်ကင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ နှစ်ဦး၊ မိတ္ထီလာမြို့နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ တစ်ဦး၊ ပန်းတောင်းမြို့နယ်မှတစ်ဦး စုစုပေါင်း ၄၁ ဦးဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ နေရာစိပ်စိပ်မှ
အကြံပြုချက်



သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# သန့်စင်ကြယ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတန်းကြီးကျေးရွာအုပ်စု၊ သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှက သန့်စင်ကြယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်ကြသူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ နှင့် တာဝန်ရှိသူများက သန့်စင်ကြယ်ကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သန့်စင်ကြယ်ကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဖြင့် အသားတိုးဝက်ကောင်ရေ ၄၀ မွေးမြူဆောင်ရွက်လုပ်ကိုင်သည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၄၀ ဦးကို တတိယအကြိမ်မြောက် RBF စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်း ထုတ်ချေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ (၄၄၅)

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

မင်္ဂလာကန်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်၏ အလယ်ဗဟို Heartland နေရာတွင် တည်ရှိပြီး နေပြည်တော်တွင် နေထိုင်သော ဝန်ထမ်းများနှင့် ပြည်သူများ အားလပ်ချိန်များတွင် လာရောက်၍ အပန်းဖြေအနားယူရာနေရာနှင့် ကျန်းမာရေးလိုက်စားသူများအတွက် သန့်ရှင်းလတ်ဆတ်သောလေကောင်းလေသန့်ကိုရှူရှိုက်ရင်း ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းများ ပြုလုပ်ရာနေရာ (Recreation Area) တစ်ခုလည်း ဖြစ်သည်။

နေပြည်တော်၏ အထင်ကရနေရာ(Landmark) တစ်ခုဖြစ်သောကြောင့် အမြဲသန့်ရှင်းစိမ်းလန်းသာယာစေရန် ဆောင်ရွက်ခြင်း၊ ရာသီအလိုက်ဖူးပွင့်မည့် ပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းအောင်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင် တောင်ကုန်းများရှိ သစ်ပင်ကြီးများအား အလင်းဖွင့်ခြင်း၊ အခြေတွင် အမြဲစိမ်းမြေကာပင် (Ground Cover) များ စိုက်ပျိုးလျက်ရှိပြီး ကန်အတွင်းပေါက်ရောက်နေသော ဗေဒါနှင့် ရေညှိ၊ ရေမှော်များကို ရေမှော်ဆယ်စက်ဖြင့် ဆယ်ယူရှင်းလင်း၍ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၄၅)

# စက်သုံးဆီအရောင်းဆိုင်များနှင့် စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးနှင့်အချိန်အတွယ် မှန်ကန်စွာ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များနှင့် စားအုန်းဆီအရောင်းဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်း၊ အချိန်အတွယ်မှန်ကန်စွာ ရောင်းချခြင်း ရှိ၊ မရှိကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။



မြို့နယ်အတွင်းရှိ ခွဲတမ်းရ စားအုန်းဆီအရောင်းဆိုင်များ၊ စက်သုံးဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးဖြင့် ရောင်းချမှု ရှိ၊ မရှိနှင့် သတ်မှတ်အရေအတွက် အတိုင်း ရောင်းချမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းတို့ကို စားသုံးသူဝယ်ယူသုံးစွဲသူများအား စားအုန်းဆီဝယ်ယူရာတွင် အခက် အခဲရှိ၊ မရှိကို ဝယ်ယူသုံးစွဲသူများအား ပူးပေါင်းအဖွဲ့က တိုက်ရိုက် မေးမြန်းခြင်း၊ စက်သုံးဆီအရောင်းဆိုင်များ အချိန်အတွယ် ဆီသိုလှောင်ထားရှိသည့်ကန်များ တိုင်းတာစစ်ဆေးခြင်း၊ စက်သုံးဆီ အရည်အသွေးစစ်ဆေးခြင်း၊ အချိန်အတွယ်စစ်ဆေးခြင်း၊ ရည်ညွှန်း ဈေးနှုန်းအတိုင်း ရောင်းချခြင်းမရှိပါက သတ်မှတ်ပြဋ္ဌာန်း နည်းဥပဒေ၊ ဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၈၁)

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်အသင်း တက်ရောက်



**လန်ဒန် ဇူလိုင် ၁၅**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်အသင်း ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂မိနစ်တွင် အော်ယာဇာဘယ်လ်၊ ပွဲချိန် ၅၈ မိနစ်တွင် ပီဒရိုပေါ်ရိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

စပိန်အသင်းနည်းပြ ဒီလာဖွန်တီက "ကျွန်တော်တို့ အခုလို ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းသားတွေရဲ့ အကောင်းဆုံး ခြေစွမ်းကြောင့်လည်း ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာပါ။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး အသင်းအတွက် ချန်ပီယံဆုကြီးကို ရယူပေးသွားမှာပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## အန်ဒရေဆန်းတို့စ် မန်ယူအသင်းတွင် ကျောနံပါတ် (၁၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၁၅**

ကွင်းလယ်ကစားသမား အန်ဒရေဆန်းတို့စ်သည် မန်ယူအသင်းတွင် ကျောနံပါတ် (၁၇) ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ မန်ယူအသင်းသို့ စတာလင်ပေါင် ၄၅သန်း+Add-ons ကြေး စတာလင်ပေါင် ၂သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆို၍ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

အန်ဒရေဆန်းတို့စ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အန်ဒရေဆန်းတို့စ်က "ကျွန်တော် မန်ယူအသင်းမှာ ကျောနံပါတ် (၁၇)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ငယ်စဉ်ကတည်းက မန်ယူအသင်းမှာ ကစားချင်ခဲ့တဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းရဲ့ သမိုင်းမှတ်တမ်းထဲ ပါဝင်ခွင့်ရဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)**

(NGB)




## ဒိုင်ဘာလာ ရိုးမားအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၁၅**

စီးရီးအေကလပ် ရိုးမားအသင်းသည် အသင်းတိုက်စစ်မှူး ဒိုင်ဘာလာကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**




အဆိုပါ တိုက်စစ်မှူးသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၄၀ ပွဲ ကစားပြီး ၄၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဒိုင်ဘာလာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမယ့်ဘောလုံးရာသီမှာ ဆုဖလားတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ (NGB)



## 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၀ ရက်တွင် စတင်မည်

**လစ္စဘွန်း ဇူလိုင် ၁၅**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Estoril Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၀ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Estoril Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၀ရက်မှ ၂၇ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Estoril Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Estoril Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပိုလန်တင်းနစ်ကစားသမား Hubert Hurkacz ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## နည်းပြ ဘီလစ်ကို နည်းပြသစ်အဖြစ် ခရိုအေးရှားအသင်းခန့်အပ်

**လန်ဒန် ဇူလိုင် ၁၅**

ခရိုအေးရှားအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဘီလစ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ခရိုအေးရှားအသင်းနှင့်အတူ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြဘီလစ်သည် နည်းပြဘဝတစ်လျှောက်တွင် ဝက်ဖို့ဒ်၊ ဝက်စ်ဘရွန်း၊ ဝက်စ်ဟမ်း၊ ဘီဆစ်တပ်စ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ခရိုအေးရှားအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

အသက်(၅၇)နှစ်အရွယ်ရှိ ဘီလစ်က "ကျွန်တော် အခုလို ခရိုအေးရှားနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ" ဟု ပြောသည်။(NGB)



## လီဆာဘွမ်ကို အာဆင်နယ်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၅**

အာဆင်နယ် အမျိုးသမီးအသင်းသည် လိုက်ပဇစ်အမျိုးသမီးအသင်း တောင်ပံကစားသမား လီဆာဘွမ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အာဆင်နယ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် (၁၉) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား လီဆာဘွမ်သည် လိုက်ပဇစ်အမျိုးသမီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၅ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် တောင်ပံကစားသမား လီဆာဘွမ်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် အာဆင်နယ်အမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)** (NGB)




## ခရစ်ရှန်ကိုဖန်နီကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၅**




အဲဗာတန်အသင်းသည် လေဗာကူဆင်အသင်း တိုက်စစ်မှူး ခရစ်ရှန်ကိုဖန်နီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လေဗာကူဆင်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ခရစ်ရှန်ကိုဖန်နီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **(အပေါ်ပုံ)**

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းမှ ခရစ်ရှန်ကိုဖန်နီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဆောက်သမ်တန်အသင်းနှင့် ဟားလ်စီးတီးအသင်းတို့သည် ဝါဒါဘရီမင်အသင်း တိုက်စစ်မှူး ဂျက်စတင်နိုင်ဂျဲမာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* အက်စတွန်ဗီလာအသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား ပါဗစ်စ်အက်စ်တူပီနန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* ဘီဆစ်တပ်စ်အသင်းသည် အာဆင်နယ်အသင်းတောင်ပံကစားသမား ထရှေ့ဆတ်ဒ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (NGB)

## နည်းပြ ဂွါဒီယိုလာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အီတလီအသင်း ကမ်းလှမ်း

**တူရင် ဇူလိုင် ၁၅**

အီတလီအသင်းသည်အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂွါဒီယိုလာကို ခန့်အပ်ရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိ နည်းပြ ဂွါဒီယိုလာသည် နည်းပြဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး စသည့် နာမည်ကျော်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အီတလီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဂွါဒီယိုလာကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အီတလီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။ **(ယာပုံ)**

ထို့ကြောင့် နည်းပြ ဂွါဒီယိုလာကို အီတလီအသင်းနည်းပြသစ်အဖြစ် မြင်တွေ့သွားရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)





# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့ကျောက်တိုင် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ပြင်ဦးလွင်တပ်နယ်အသင်းနှင့် ကျောက်ဆည် တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စု လေးစုခွဲကာ ဇူလိုင် ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့်။

# အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ ပဉ္စမအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ပဉ္စမအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ကျောင်းအုပ်ကြီး ဒေါက်တာ ဇာနည်ထွန်းက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ကောင်းစွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ထောက်ခံချက်ပေးပြီးဖြစ်သော အောင်လက်မှတ်များကို မောင်မယ်တို့အား အပ်နှင်းလိုက်ပြီးသောအခါ နေ့စဉ်နေ့တိုင်းပြောဆိုနေထိုင်မှု၌ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)မှ အောင်လက်မှတ်များ၏ ဂုဏ်သိက္ခာနှင့်အညီ ဆီလျော်ထိုက်တန်စွာ ပြောဆိုနေထိုင်ပါမည် ကတိသစ္စာပြုစေပြီး အဆောက်အအုံနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်းတို့၌ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်များ အပ်နှင်းခဲ့သည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ကျောင်းအုပ်ကြီးက ယနေ့ကျင်းပသည့် ပဉ္စမအကြိမ် အောင်လက်မှတ်ပေးအပ်ပွဲသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာရေး၏ အခန်းကဏ္ဍအရေးပါပုံနှင့် မိမိတို့တတ်မြောက်ထားသည့် သက်မွေးပညာသည် နိုင်ငံ့အတွက် အရေးပါသော ပညာရေးဖြစ်သည်ကို သက်သေပြသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ အောင်မြင်ကြောင်းလက်မှတ်သည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အရည်အသွေးပြည့်ဝသော သက်မွေးပညာလက်မှတ်တစ်ခုအဖြစ် ဂုဏ်ယူကြစေလိုကြောင်း ကျောင်းမှ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့မှုများအပေါ် အခြေခံပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြိုးပမ်းသွားကြရန် တိုက်တွန်းစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၅)**



# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးအပ်ပွဲ ကျင်းပ

**သရက် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သရက်မြို့နယ်ဦးစီးမှူးရုံးမှ ကိုးပင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သရက်ခရိုင်မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် နေ့ချင်းပြီးဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ဇော်ထက်(သရက်)**

*-*-*-*-*-*-*

# ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အချိုရည်အမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများသည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ လူသုံးကုန်နှင့် စားသောက်ကုန်များ ရောင်းချသည့် အရောင်းဆိုင်များအား ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန်နှင့် ကုန်အညွှန်းအမှတ်အသား တံဆိပ်များ ပြည့်စုံစွာပါဝင်မှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အချိုရည်အမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင် လူသုံးကုန်နှင့်စားသောက်ကုန်များ ရောင်းချသည့် အရောင်းဆိုင်များအား မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)နှင့် စားသုံးသူကာကွယ်ရေး အခန်း(၁၈) ပါ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ပုဒ်မ ၄၁ ပါ အချက်အလက်များမှ ပုဒ်မ(ခ)ရှိ ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်း၊ သုံးစွဲပုံနည်းလမ်းနှင့် ပုဒ်မ(ဆ)ရှိ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး(သို့မဟုတ်)ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်တို့အား မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာတစ်ခု(သို့မဟုတ်)တစ်ခုထက်ပို၍ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များမှလည်း ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဥပဒေညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၉၉)

# မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၆ -၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

" ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံစိုက်ပျိုးဖို့ ၁၁၅၄၁ ဧကလျာထားတဲ့အနက် လက်ရှိအချိန်အထိ ၆၁၉၅ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြသလို မြေပဲ၊ အစေ့ထုတ်ပြောင်းတို့နဲ့ သီးညှပ်လည်း စိုက်ပျိုးပါတယ် "ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွဲဖက်အသုံးပြုရေး ကွင်းသရုပ်ပြခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၅၆၉၆ ဧက၊ ပဲမျိုးစုံ ၁၅၁၈၂ ဧက၊ ဆီထွက်သီးနှံ ၇၇၄၅ ဧက၊ ဝါ ၄၄ ဧက၊ အခြားသီးနှံ ၂၂၄၅၃ ဧက၊ နှစ်ရှည်ပင် ၁၅၃၉ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

(၄၈၀)



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း အကြိမ်(၉၀)မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ မဟာမြိုင်(၁) ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ အကြိမ်(၉၀)မြောက် ဘုံဆွမ်းနှင့် စာရေးတံမဲလောင်းလှူပွဲကို ဒုတိယဝါဆိုလဆန်း ၁ရက် နံနက် ၄ နာရီခွဲက သီပွဲလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်လာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးလေးခြောက်၊ အသားတု၊ ငရုတ်သီးကြော်၊ ပဲသီးသုပ်၊ ဆပ်ပြာမှုန့်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီ လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၂၀၀၀၀၀ နှင့် သင်္ကန်းအစုံ ၂၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ လစဉ်လဆန်း ၁ရက်နေ့တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော ကောင်းထက်မဟာမိသားစုများ၊ ကာဗာတိုင်းပြည်မိသားစုများ၊ ကွယ်လွန်သူ (ဖခင်ကြီး) ဦးသာအေး+(မိခင်ကြီး)ဒေါ်တင်ရီ အားရည်စူး၍ ဦးသိန်းတန်သားသမီးမြေးတစ်စု၊ ကွယ်လွန်သူ (မိခင်ကြီး)ဒေါ်ခင်ညိုရီ ငါးနှစ်ပြည့်အားရည်စူး၍ (ဖခင်ကြီး) ဦးသိန်းတန်အား အမှူးထား၍ သားသမီးမြေးတစ်စု၊ကွယ်လွန်သူ (မိခင်ကြီး) ဒေါ်ခင်ညိုရီ ငါးနှစ်ပြည့်အား ရည်စူး၍ (ဖခင်ကြီး) ဦးသိန်းတန်အား အမှူးထား၍ သားသမီးမြေးတစ်စုကောင်းမှု၊ ဦးမြင့်လွင်+ ဒေါ်ခင်ချိုဝင်း မိသားစု၊ (ဖခင်ကြီး) ဦးချိန်စီ+ (မိခင်ကြီး) ဒေါ်တွမ်ဟိုက်လန့် တို့အားအမှူးထား၍ (သား) မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အားရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုးပန်တော်ဦးအမျိုးသမီးအဆောင် မိသားစုများ၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ(သမီး)မဝင်းမာလာကျော် တိမ်လွှာအလှပြင်ဆိုင်၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း Unit Solar မိသားစု၊ ဦးတူး + ဒေါ်အေးအေးမြင့် မိသားစု၊ ဦးတင်လင်း+ဒေါ်ဖြိုးဖြိုး(သမီး) မပိုးရတီခေတ်၊(မိခင်ကြီး)ဒေါ်နန်းမွေအားရည်စူး၍ (ဖခင်ကြီး) ဦးသန်းထွန်းဝင်းအား အမှူးထား၍ ဦးသက်မင်းထွန်း+ မအိသီရိမင်း၊ မောင်ဟိန်းသန့်ဇင်၊ ဦးခင်မောင်မြင့်+ဒေါ်တင်ထွေးရီ တော်ဝင်နွယ်သက်န်းပရိက္ခရာမိသားစုများ၊ မသီတာဟိန်းမြင့်မိသားစု၊ ကွယ်လွန်သူ (ဖခင်ကြီး) ဦးသိန်း(ခ)ဦးဒီလုံး(၁၆)နှစ်ပြည့်နှင့် (မိခင်ကြီး)ဒေါ်ခင်ရှိန်တို့အား ရည်စူး၍ သားသမီးမြေးတစ်စု ကျေးဇူးဆပ်အလှူတော်၊ရပ်ကွက်ပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄ဝ)

*- *- *- *- *



## နယ်စပ်တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ အလှူငွေ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဦးဆောင်သည့် အသင်းချုပ်သို့ ရန်ကုန်မြို့နေ အလှူရှင် ဦးအောင်နိုင်ဦး+ ဒေါ်မွန်မွန်လှိုင် မိသားစုက သာသနာပြုလုပ်ငန်းများဆောင်ရွက်စေရန်အတွက် နဝကမ္မအလှူတော် ငွေကျပ် သိန်းနှစ်ရာကို ယမန်နေ့ နံနက် ၁၀ နာရီက လှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်၊ ပူတာအိုကျောင်း တောင်တန်းသာသနာပြုရန်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘဒ္ဒန္တဝဏ္ဏဓဇက လက်ခံရယူခဲ့သည်။ အလားတူ ချင်းပြည်နယ်၊ ကန်ပတ်လက်မြို့နယ်၊ မကြားကျေးရွာသာသနာပြုကျောင်းသို့ ဝါဆိုဆန်တစ်အိတ်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဒ္ဒန္တစန္ဒဝရက လက်ခံရယူခဲ့သည်။

ရပ်ဝေးရပ်နီးမှ ဝါဆိုဆန်တစ်အိတ် ငွေကျပ် တစ်သိန်း၊ ဝါဆိုသင်္ကန်းတစ်စုံ ငွေကျပ် ငါးသောင်းဖြင့် ကာလဒါန အလှူအဖြစ် လှူဒါန်းလိုပါက ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသည်တစ်ဦးလျှင် မိုဘိုင်းဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြု

**မန္တလေး ဇူလိုင် ၁၅**

မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် မိုဘိုင်းလက်ကိုင်ဖုန်းအပါအဝင် ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုကြောင်း CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီက ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထုတ်ပြန်ချက်အရ CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို သယ်ဆောင်လာပါက ဝင်ရောက်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အကောက်ခွန်ကောင်တာ၌ Passenger Declaration Form (PDForm) ဖြည့်စွက်ကြေညာရမည်ဖြစ်ပြီး PD Form တွင် ဖုန်း၏ IMEI နံပါတ်ကို မဖြစ်မနေ ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။

CEIR စနစ်တွင် မိုဘိုင်းဖုန်းမှတ်ပုံတင်လိုသူများအနေဖြင့် CEIR OSS အဖွဲ့ထံ CEIR မှတ်ပုံတင်လျှောက်လွှာ၊ ပတ်စ်ပို့မိတ္တူ၊ Boarding Pass (မူရင်းနှင့် မိတ္တူ)၊ လေယာဉ်လက်မှတ် (မူရင်းနှင့် မိတ္တူ) နှင့် PD Form (မူရင်း)တို့ကို ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

PD Form ဖြင့် ကြေညာထားသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း CEIR စနစ်တွင် မှတ်ပုံတင်လျှောက်ထားပြီး ကျသင့်အခွန်ကိုပေးဆောင်ရမည်ဖြစ်ကာ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိပါက ကျသင့်အခွန်အပြင် ဒဏ်ကြေးများလည်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရီးသည်တစ်ဦးအနေဖြင့် ပထမဆုံး PD Form ကြေညာသည့်ရက်မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးအထိသာ CEIR စနစ်တွင် မှတ်ပုံတင်လျှောက်ထားခွင့်ရှိကြောင်း CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

(အောက်ပုံ)

ရွှေမန်း

*- *- *- *- *



## ကမ္ဘာ့သကြားဈေးကျဆင်းမှုကြောင့် မြန်မာ့သကြားပို့ကုန် လျော့ကျနိုင်၊ ပြည်တွင်းသကြားဈေးနှုန်း ဆက်လက်ကျဆင်း

**မန္တလေး ဇူလိုင် ၁၅**

ကမ္ဘာ့သကြားဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် မြန်မာ့သကြားပို့ကုန် လျော့ကျနိုင်ပြီး ယင်း၏အကျိုးဆက်အဖြစ် ပြည်တွင်းသကြားဈေးနှုန်းများလည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားသည်။ ၎င်း၏ ပြောကြားချက်အရ ကမ္ဘာ့ဈေးကွက်တွင် သကြားဈေးနှုန်းများ လျော့ကျနေသဖြင့် မြန်မာ့သကြား၏ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းလာကာ ပြည်ပဝယ်လိုအား လျော့နည်းခဲ့ပြီး ပို့ကုန်တင်ပို့မှုအပေါ်လည်း သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၅-၂၀၂၆ ကြံကြိတ်ရာသီကုန် မေလအထိ မြန်မာနိုင်ငံတွင် သကြားတန်ချိန် ၄ သိန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမှာ ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်းကျော် လျော့ကျခဲ့ခြင်းဖြစ်ပြီး အချို့ဒေသများတွင် နယ်မြေအခြေအနေများကြောင့် ကြံအားလုံးကို အချိန်မီ မကြိတ်နိုင်ခဲ့ခြင်းလည်း ထုတ်လုပ်မှုကျဆင်းရသည့် အကြောင်းအရင်း တစ်ရပ်ဖြစ်ကြောင်း ဦးဝင်းဌေးက ပြောသည်။ ပြည်တွင်းတွင် နှစ်စဉ်သကြားစားသုံးမှုမှာ တန်ချိန် သုံးသိန်းခန့်ရှိပြီး ကျန်ပမာဏကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာ့သကြားပို့ကုန်မှာ တန်ချိန် ၉၀,၀၀၀ ကျော်ရှိခဲ့သော်လည်း လက်ရှိ ကမ္ဘာ့သကြားဈေးနှုန်း ကျဆင်းနေခြင်းကြောင့် ယခုနှစ်တွင် ပို့ကုန်ပမာဏမှာ ယခင်နှစ်ထက် ပိုမိုလျော့ကျနိုင်ကြောင်း ၎င်းက သုံးသပ်သည်။ ကမ္ဘာ့သကြားဈေးနှုန်းမှာ ယခင်နှစ်က သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဝန်းကျင်ရှိခဲ့သော်လည်း လက်ရှိတွင် အမေရိကန်ဒေါ်လာ ၄၀၀ ခန့်သာ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကမ္ဘာ့ဈေးနှုန်း ကျဆင်းမှုကြောင့် ပြည်ပသို့ မတင်ပို့နိုင်သည့် သကြားများသည် ပြည်တွင်းဈေးကွက်အတွင်း ရောင်းချနေရပြီး ရောင်းလိုအား မြင့်တက်လာသဖြင့် ပြည်တွင်းသကြားဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်။ ဇူလိုင် ၁၃ ရက် မန္တလေးသကြားဈေးကွက်တွင် သကြားတစ်ပိဿာလျှင် ငွေကျပ် ၃,၆၀၀ ခန့်သာ ပေါက်ဈေးရှိပြီး ယခင်က ငွေကျပ် ၄,၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းသကြားထုတ်လုပ်မှုက မနှစ်ကထက် ၁၀ ရာခိုင်နှုန်းကျော် လျော့ကျသွားပါတယ်။ အချို့ဒေသတွေမှာ နယ်မြေအခြေအနေကြောင့် ကြံအားလုံးကို အချိန်မီ မကြိတ်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် ပြည်တွင်းစားသုံးမှုလည်း လျော့ကျနေပါတယ်။ အခြားကုန်စည်ဈေးနှုန်းတွေ မြင့်တက်နေချိန်မှာတော့ ပြည်တွင်းသကြားဈေးက တစ်ပိဿာကို ငွေကျပ် ၄,၀၀၀ အောက်အထိ ကျဆင်းနေပါတယ်"ဟု ဦးဝင်းဌေးက ပြောကြားသည်။ ၎င်းက သကြားဈေးနှုန်းကျဆင်းမှုသည် သကြားစက်ရုံများ၏ ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်မှုအပေါ်သာမက ကြံဝယ်ယူဈေးများအပေါ်လည်း သက်ရောက်နိုင်ကြောင်း၊ ထိုသို့ ကြံဝယ်ဈေးများ ကျဆင်းလာပါက ကြံစိုက်တောင်သူများ၏ ဝင်ငွေလျော့ကျနိုင်ပြီး လာမည့်ကြံစိုက်ရာသီတွင် ကြံစိုက်ဧကများ လျော့ကျနိုင်သည့် အလားအလာရှိကြောင်း သုံးသပ်ပြောကြားသည်။

၎င်းက ကမ္ဘာ့သကြားဈေးကွက် ပြန်လည်ကောင်းမွန်လာပြီး ပို့ကုန်ဈေးကွက် ပြန်လည်အသက်ဝင်လာမှသာ ပြည်တွင်းသကြားဈေးနှုန်းများ တည်ငြိမ်လာနိုင်မည်ဖြစ်ပြီး ကြံစိုက်တောင်သူများနှင့် သကြားလုပ်ငန်းတစ်ခုလုံး၏ အခြေအနေသည်လည်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာနိုင်မည်ဟု ပြောကြားသည်။

(အောက်ပုံ) ရွှေမန်း



# နှစ်ထောင်ချီ ပေါက်ဖော်ချစ်ကြည်ရေး ဆက်ခံဖွံ့ဖြိုးမှုလမ်းကြောင်း လက်တွဲလျှောက်လှမ်း

၂၀၂၆ ခုနှစ် ဖွန်လသည် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ ထူးခြားသည့် သမိုင်းဝင်ဖြစ်ရပ် ဖြစ်ခဲ့ပါသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်ဖြင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံသို့ တရားဝင် နိုင်ငံတော်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ငါးရက်တာ ခရီးစဉ်အတွင်း ပေကျင်း၊ ရှန်ဟိုင်း၊ ဟာန်ကျိုးသုံးနေရာကို သွားရောက်ခဲ့ရာ အောင်မြင်မှု အလီလီရရှိနိုင်ခဲ့ပါသည်။ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု ဆက်လက်တိုးမြှင့်ရန်အတွက်သော်လည်းကောင်း၊ နှစ်နိုင်ငံ နှစ်ပေါင်းထောင်ချီ သမိုင်းကြောင်းရှိသော ပေါက်ဖော်ချစ်ကြည်ရေးဆက်ခံရန်အတွက်သော်လည်းကောင်း အလားအလာအသစ်များ ဆောင်ကြဉ်းလာခဲ့ပါသည်။

ယခုနှစ်မှာလည်း တရုတ်ကွန်မြူနစ်ပါတီ ထူထောင်သည့်နှစ် (၁၀၅)နှစ်ပြည့် ဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်မှာ ရာစုတစ်ခုကို ကျော်လွှားပြီး ကြိုးပမ်းလာခဲ့ရာ တရုတ်နိုင်ငံ၏ ထူးခြားချက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျှောက်လှမ်းခဲ့ပါသည်။ တရုတ်အမျိုးသားတစ်ရပ်လုံး နိုးကြားတက်ကြွစွာ မတ်တတ်ရပ်နိုင်ခဲ့ရာမှ ချမ်းသာလာခဲ့ပြီး အင်အားတောင့်တင်းစွာ ခုန်ပျံကျော်လွှားနိုင်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံ၏ စီမံမှုပုံစံ၊ တရုတ်နိုင်ငံ၏ ဉာဏ်အမြော်အမြင်ပုံစံတို့ကို ပေးစွမ်းနိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် ပြည်သူလူထုကို ဗဟိုထားသည့် ဖွံ့ဖြိုးမှု အတွေးအခေါ်ပေါ်မှီပြီး အကျိုးသက်ရောက်မှုရရှိခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီမှာ စေတနာအပြည့်ဖြင့် ပြည်သူလူထုကို အကျိုးပြုမည့် အခြေခံရည်ရွယ်ချက်ကို တစိုက်မတ်မတ် လိုက်နာကျင့်သုံးခဲ့သည်။ ပြည်သူလူထု၏ အကျိုးတိုးမြှင့်ခြင်းအား ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံပန်းတိုင်အဖြစ် သတ်မှတ်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးစစ်ပွဲကို အောင်နိုင်ခြင်းမှာ လူသားတစ်ရပ်လုံး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အံ့ဖွယ်စံနာမူနာ အောင်မြင်မှုတစ်ရပ် ဖြစ်လာခဲ့ပါသည်။ တရုတ်နိုင်ငံသည် တရုတ်ပုံစံ ခေတ်မီတိုးတက်ရေးကို တည်ဆောက်နေသည်မှာ အတူတကွ ချမ်းသာခြင်း၏ ခေတ်မီတိုးတက်ခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအသီးအပွင့်မှာ ပြည်သူလူထုတစ်ရပ်လုံးအတွက် ဖြစ်ရမည်ဟု အထူးဖော်ဆောင်ထားပါသည်။

တရုတ်နိုင်ငံ၏ အောင်မြင်မှု သည် မိမိကိုယ်မိမိ ပြန်လည်တော်လှန်ပြင်ဆင်ခြင်းဟူသော အတွင်းမှ ပေါ်လာသည့် သက်ရောက်မှုတွန်းအား ဖြစ်သည်။ ဤသည်မှာ တရုတ်ကွန်မြူနစ်ပါတီ၏ ထူးခြားသည့် လက္ခဏာပင် ဖြစ်ပါတော့သည်။ တရုတ်ကွန်မြူနစ်ပါတီသည် မိမိကိုယ်မိမိ တော်လှန်ပြင်ဆင်နိုင်ခြင်း၏ အဓိကအကြောင်းရင်းမှာ တရုတ်ကွန်မြူနစ်ပါတီ အနေနှင့် မိမိအတွက် ရည်ရွယ်သော ထူးခြားသည့် အကျိုးအမြတ်မရှိပါ။ ပါတီ၏ အကျိုးမှာ ပြည်သူလူထု၏အကျိုးနှင့် တစ်ထပ်တည်း ကျနေသည်။ တရုတ်ကွန်မြူနစ် ပါတီသည် ဘက်စုံကြပ်မတ်စွာ ပါတီဝင်များကို ထိန်းကြပ်ထားပါသည်။ အဂတိလိုက်စားမှုကို ပြင်းထန်စွာ တိုက်ထုတ်သည်။ ဤသို့သော သတ္တိမျိုးနှင့် စွမ်းအားသည် အစဉ်အမြဲသစ်လွင်မှု၏ အရေးကြီးဆုံးသောချက်ပင် ဖြစ်သည်။

တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် ငြိမ်းချမ်းစွာ ပူးပေါင်းအတူယှဉ်တွဲရေး၏ ယဉ်ကျေးမှု DNA မျိုးရိုးဗီဇအကျိုးကြောင့်လည်း ဖြစ်ပါသည်။ တရုတ်ယဉ်ကျေးမှုမှာ "မတူသော်ငြားလည်း အတူယှဉ်တွဲ၊ လောကကြီးတစ်ခွင် ငြိမ်းချမ်းခြင်းသာလျှင် ပဓာန" ကို အထူးအလေးထားပါသည်။ ဤသို့သော ဉာဏ်အမြော်အမြင်သည် နိုင်ငံတကာ ဆက်ဆံရေးအပေါ် သက်ရောက်သည့်အခါ နိုင်ငံအသီးသီး ပြည်သူလူထု၏ ကိုယ်ပိုင်ရွေးချယ်သော ဖွံ့ဖြိုးမှုလမ်းကြောင်းကို အားပေးလက်ခံခြင်းပင် ဖြစ်လာတော့ပါသည်။ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းကို ကန့်ကွက်သည်။ စကားပြောညှိနှိုင်းခြင်းဖြင့် ပြဿနာကို ဖြေရှင်းရန် အဓိကထားဖော်ဆောင်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီး အပြန်အလှန်သဘောထားကြီးခြင်း အေးအတူပူအမျှ ဖြစ်ခြင်းတို့ကို ကျင့်သုံးပါသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း၊ မိတ်ဆွေကောင်း၊ အဖော်မွန်ကောင်း နိုင်ငံဖြစ်သည်နှင့်အညီ တရုတ်နိုင်ငံသည် မိမိတို့၏ အောင်မြင်သော အတွေ့အကြုံများကို ဖလှယ်လိုကာ တရုတ်-မြန်မာ ချစ်ကြည်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းကို တိုးမြှင့်စေလိုပါသည်။ ယခုအကြိမ် သမ္မတခရီးစဉ်မှာ နှစ်နိုင်ငံအကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်စာတမ်း အများအပြားကို လက်မှတ်ရေးထိုးနိုင်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ ပညာရပ်ဆိုင်ရာ မူပိုင်ခွင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်ခြင်း၊ လူထုကျန်းမာရေး၊ မီဒီယာစသည့် နယ်ပယ်ပေါင်းစုံ လွှမ်းခြုံပါဝင်နေပါသည်။ နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမှာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သမိုင်းကြောင်းရှည်ကြာပြီး ယဉ်ကျေးမှု ထွန်းတောက်သည့် နိုင်ငံဖြစ်ပါသည်။ မြစ်ဧရာသည် ရိုးသားကြိုးစားပြီး ဉာဏ်အမြော်အမြင်ရှိသည့် လူထုကို မွေးထုတ်ခဲ့ပါသည်။ စေတီပုထိုး၏ ရောင်ခြည်တော်သည် ဤမြေတစ်ခွင်၏ ကြံ့ခိုင်ခြင်း၊ သဘောထားကြီးခြင်းကို ထိုးစိုက်ထင်ဟပ်နေစေပါသည်။ ကျွန်မအနေနှင့် မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်တာဝန်ထမ်းဆောင်ကတည်းက ကျေးရွာအများအပြားသို့ သွားရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ သဘာဝအခြေအနေထူးကဲစွာ ကောင်းမွန်ခြင်း၊ ဖွံ့ဖြိုးမှု အလားအလာကြီးမားခြင်းစသည်တို့ကို ကိုယ်တွေ့ခံစားနိုင်ခဲ့ပါသည်။ ကျွန်မသည် (မုန့်နန်းရာဇဝင်)ကို ဖတ်ရှုခဲ့ပါသည်။ မိုးပေါ်မှာ ကျောက်မျက်ရတနာ မိုးရွာချသည့် ဖြစ်စဉ်ကို ရင်သပ်ရှုမောဖွယ် ခံစားရပါသည်။ ကျွန်မသည် စပါးနံ့မွှေးကြိုင်သည့် စိမ်းလန်းစိုပြည်သော အဆုံးအစမမြင် ကျယ်ဝန်းလှသည့် စပါးခင်းများဆီသို့ ရောက်ခဲ့ဖူးပါသည်။ တောင်ပြာတန်းပေါ်က ရွှေရောင်ဝင်းနေသော ဘုရားစေတီပုထိုးများကို ငေးမျှော်ကြည့်ရင်း လှပခြင်း၊ ငြိမ်းချမ်းခြင်းကို ခံစားရသည်မှာ လုံးဝမေ့မရနိုင်တော့ပါ။ ကျွန်မသည် ရွာသူ၊ ရွာသားများနှင့်လည်း စကားပြော ဖလှယ်ခဲ့ပါသည်။ သူတို့တစ်တွေမှာ ရိုးသားခြင်း၊ ကြင်နာခြင်း၊ အေးချမ်းခြင်းတို့နှင့် ပြည့်စုံနေပါသည်။ ဤမျှလှပသော နိုင်ငံနှင့် ပြည်သူလူထုတို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုသာယာဝပြောသော ဘဝမျိုးကို ပိုင်ဆိုင်သင့်ပါသည်။

ယခုနှစ်ပိုင်းမှာ မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးအနေနှင့် ဒေသခံအစိုးရများနှင့် နီးကပ်စွာ ဆက်ဆံခြင်း၊ လျှင်ဒဏ်သင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ထောက်ပံ့ကူညီခြင်း နှစ်နိုင်ငံအကြား စီးပွားကုန်သွယ် ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊ လူမှုယဉ်ကျေးမှုဖလှယ်ရေးအတွက် တိုးမြှင့်စေခြင်းစသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် "သေးသော်လည်း လှစေရမည်" စီမံချက်များ ပူးပေါင်းဖော်ဆောင်ခြင်း၊ ဒေသခံလူထုလူနေမှုဘဝတိုးတက်စေခြင်း စသည်တို့ကိုလည်း အရေးပါသည့်အလုပ်အနေနှင့် လုပ်ဆောင်နေပါသည်။ ယခုတလောမှာ မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး အနေနှင့် စက်မှုကုန်သည်ကြီးများအသင်းနှင့် ပူးပေါင်းကာ AI ဉာဏ်ရည်တု နည်းပညာ၊ အွန်လိုင်းကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး နည်းပညာ စသည့်သင်တန်းများကို ဖွင့်လှစ်မှာ ဖြစ်ပါသည်။ ပြည်သူလူထု၏ နည်းပညာပိုင်းဆိုင်ရာ တိုးမြှင့်စေပြီး အောင်မြင်မှုများ ရရှိစေကာ လူနေမှုဘဝ တိုးမြှင့်စေမည် ဖြစ်ပါသည်။

တည်ငြိမ်ပြီး သာယာဝပြောသော မြန်မာနိုင်ငံ တည်ဆောက်ရေးမှာ တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူလူထု၏ အကျိုးနှင့်လည်း ကိုက်ညီနေပါသည်။ မြန်မာပြည်သူလူထုတို့သည် ဉာဏ်အမြော်အမြင်နှင့် သတ္တိအပြည့်ဖြင့် မိမိနိုင်ငံနှင့် လိုက်လျောညီထွေသော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတစ်ခုအပေါ် လျှောက်လှမ်းနိုင်မည်ကို ကျွန်မ ယုံကြည်ပါသည်။ ဤသို့ အောင်မြင်ရန်လည်း ဆုတောင်းပေးပါသည်။ မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးအနေနှင့် နှစ်နိုင်ငံခေါင်းဆောင်ဆက်ဆံရေးနှင့် ပူးတွဲကြေညာချက်ပါ အကြောင်းအရာများကို အကောင်အထည်ဖော်ဆောင်ရင်း ဒေသအစိုးရနှင့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့်လက်တွဲကာ နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှု တွန်းပို့ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ နှစ်နိုင်ငံ ဆက်ဆံရေး၏ စာမျက်နှာသစ်ကို အတူတကွ ရေးဆွဲကြပါမည်။

မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်
**Ms.Gao Ping**

## ကန့်ဘလူမြို့နယ် အခြေခံပညာကျောင်းများ၌ ငှက်ပျောပင် ၁၁၀၀ စိုက်ပျိုးသွားမည်

**ကန့်ဘလူ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ကျွေးမွေးနိုင်ရေးအတွက် ငှက်ပျောပင်ပေါင်း ၁၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကန့်ဘလူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်မာအေးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ငှက်ပျောပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့သည်။

ထိုသို့ စိုက်ပျိုးခဲ့သော ငှက်ပျောပင်များသည် ဖီးကြမ်းငှက်ပျောပင်မျိုးများဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ဆက်လက်၍ အခြေခံပညာကျောင်းများအလိုက် ငှက်ပျောပင် ၁၁၀၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးက ပြောသည်။ (အောက်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအသစ်များ အခမဲ့ဆက်လက်ငှားရမ်းပေး

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့ နံနက် ၁၀ နာရီက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်အသစ်များ အခမဲ့ ဆက်လက်ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်တွင် သုတ၊ ရသ စာအုပ် ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ကာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ယခင်အပတ်က ငှားရမ်းပေးထားသော စာအုပ်များအား အပ်နှံစေ၍ စာအုပ်အသစ်များ တစ်ဦးလျှင် နှစ်အုပ်နှုန်းဖြင့် အခမဲ့ ဆက်လက်ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**စင်မင်းမောင်**
**(ခရိုင်၊ ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀

## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသိ

| | |
|---|---|
| စာအုပ်အမည် | - ရတနသုတ်ပရိတ်တော်ကို ဖွင့်ဆိုကြည်ညိုခြင်း |
| စာရေးသူ | - တက္ကသိုလ်တေဇလင်း |
| ထုတ်ဝေသည့်စာပေတိုက် | - အောင်ချမ်းပြည့်စာပေ |
| စာမျက်နှာ | - ၂၀၄ မျက်နှာ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇွန်လ |




စာရေးသူစောမွန်ဦးနှင့်အတူ ဘဒ္ဒန္တပညာဓဇတ(ပခုက္ကူ)မဟာထေရ်မြတ်၏ သိမှတ်စရာအဖြာဖြာ၊ ပါမောက္ခဒေါက်တာစိန်ထွန်း(စာရေးသူဆရာဝရဖိန်အရှေ့-တိုင်း)၏ ရှုမြင်သုံးသပ်ချက်များ၊ စာရည်စာသွေး၊ ရတနသုတ်ဖြစ်ပေါ်လာပုံ၊ ပရိတ်ကြီး၊ ပရိတ်ငယ်ခွဲပုံ၊ ရတနသုတ်အစ၊ ရတနသုတ်နိဒါနကထာကို ဖွင့်ဆိုရှင်းပြခြင်း၊ ရတနသုတ္တန်လာ ဗုဒ္ဓဂုဏ်တော်များ၊ ရတနသုတ္တန်တရားဂုဏ်တော်များ၊ သံဃာခေါ်ပုံနှင့် သံဃာ့အဖွဲ့အစည်းဆောင်ရွက်ပုံ၊ ရတနသုတ္တန်လာသံဃဂုဏ်ရည်များ၊ သောတာပန်ဂုဏ်ရည်၊ ရဟန္တာဂုဏ်ရည် အစရှိသည်တို့ ဖော်ပြပါရှိသည်။

ရတနသုတ်ပရိတ်တော်ကို ကြည်ညိုပူဇော်လိုသူများအတွက် ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - အောင်မြင်မှုအတွက် အပြုံး၏တန်ဖိုး |
| စာရေးသူ | - အောင်လှိုင်(မြန်မာပြန်) |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| စာမျက်နှာ | - ၁၈၆ မျက်နှာ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇွန်လ (ဒုတိယအကြိမ်) |

၂၀၁၈ခုနှစ်တွင် စိတ်ကူးချိုချိုစာပေတိုက်မှ ပထမအကြိမ် ထုတ်ဝေဖြန့်ချိခဲ့ဖူးပြီး ဘဝအောင်မြင်ရေးစာအုပ်ဖြစ်သည်။ မူရင်း စာရေးဆရာ ဒရိုင်ဒေးဗစ်၏(How To Design A Life)၏ စာအုပ်ကို မြန်မာပြန်ဆိုထားသည်။

စာအုပ်တွင် လူအများအမှုမဲ့၊ အမှတ်မဲ့ဖြင့် သတိမထားဘဲ 'ပြုံးရယ်ခြင်းကိစ္စ'ပင် ဖြစ်သည်။ အပြုံးကို ခွဲခြမ်းစိတ်ဖြာထားပြီး ပြုံးခြင်းကြောင့် ရရှိလာမည့် အကျိုးထူးများကို ဖော်ပြထားသည်။

'သင့်အပြုံးနောက်ကွယ်က သိပ္ပံပညာ'အခန်းတွင် စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်ပြီး ဦးနှောက်အတွင်း(DOSE)ဆိုသည့် ဓာတ်ပစ္စည်းများ ထွက်ရှိလာစေရန် ကိုယ်တိုင်ပြုံးရွှင်စွာနေထိုင်နိုင်ဖို့ အားပေါ်းတရ ပြုံးပါဟု တိုက်တွန်းထားသည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**တောင်တွင်းကြီး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေကောင်းများ ဖတ်ရှုလေ့လာသိရှိခြင်းဖြင့် အသိပညာဗဟုသုတများတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်းစာသင်ခန်း၌ ကျင်းပခဲ့သည်။ (ဓာတ်ပုံ)

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးအတွက် အားလပ်သည့်အချိန်များတွင် စာအုပ်၊ စာပေများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ ပညာလို အိုသည်မရှိ ဆိုသည့်အတိုင်း ပညာတက်မြောက်မှသာ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနားလည်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပြီး ကျောင်းသား၊ကျောင်းသူများအနေဖြင့် နေ့စဉ် စာဖတ်ရာ၌ သုတ၊ ရသပညာရပ်ပေါင်းစုံကို ဖတ်ရှုလေ့လာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **နှောင်နှောင်(ဗိဿနိုးမြေ)**

## မန္တလေးဒေသကောလိပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးဒေသကောလိပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်တွင် ကန်တော့ခံဆရာ၊ ဆရာမကြီး ၁၃၇ ဦးကို ခံ့ညားထည်ဝါစွာဖြင့် ယခင်အကြိမ်များထက် ပိုမိုတိုးမြှင့်ဂါရဝပြု ကန်တော့သွားမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပမှ All Regional ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေ ထည့်ဝင်လိုပါက(၁၉၇၆-၇၇) ပညာသင်နှစ် $1^{st}$ Batcch ကိုကျော်ရှင် ဖုန်း ၀၉-၅၁၆၈၈၅၈၊ ကိုရဲထွဋ် ဖုန်း ၀၉-၂၀၀၃၈၁၉၊ ကိုဇော်နိုင် ဖုန်း ၀၉-၂၀၁၃၄၉၃ သို့လည်းကောင်း၊ (၁၉၇၇-၇၈) ပညာသင်နှစ် $2^{nd}$ Batchကိုကျော်စိုးဦး ဖုန်း ၀၉-၉၇၆၉၁၇၁၃၀၊ မဌေးဌေး ဖုန်း ၀၉-၂၀၂၅၃၄၅၊ မဝဏ္ဏပပ ဖုန်း ၀၉-၉၇၆၅၇ ၉၇၀၇၊ (၁၉၇၈-၇၉) ပညာသင် နှစ် $3^{rd}$ Batch ကိုအောင်နိုင်ဦး ဖုန်း ၀၉-၄၀၀၄၄၁၇၁၉၊ မသိန်းသိန်းရှိန် ဖုန်း ၀၉-၇၉၀၅၆၁၁၄၀၊ မမီးမီး ဖုန်း ၀၉-၅၅၅၄၄၈၈၊ (၁၉၇၉-၈၀) ပညာသင်နှစ် $4^{th}$ Batch ကိုနေဝင်းဦး ဖုန်း ၀၉-၄၀၀၅၃၆၅၆၆၊ ကိုဘိုလွင် ဖုန်း ၀၉-၄၄၁၀၄၄၅၅၆၊ မမန်းယုံ ဖုန်း ၀၉-၂၅၉၀၂၄၄၉၆၊ ဒေါက်တာခင်မောင်ထွေး ဖုန်း ၀၉-၂၀၀၀၁၂၄၊ (၁၉၈၀-၈၁) ပညာသင် နှစ် $5^{th}$ Batch ကိုခိုင်ထွန်း ဖုန်း ၀၉-၄၄၁၀၀၇၁၉၆၊ ကိုထွေးအောင် ဖုန်း ၀၉-၂၀၀၉၂၂၁၊ မလွင်လွင်မာ ဖုန်း ၀၉-၉၇၀၁၇၇၇၂၃၊ (၁၉၈၁-၈၂)ပညာသင်နှစ် $6^{th}$ Batch ဒေါက်တာသိဂီဌေး ဖုန်း ၀၉-၂၀၀၁၃၉၁၊ ကိုကို ဖုန်း ၀၉-၂၀၁၀၇၅၁၊ ကိုစိုးနိုင်ဆွေ ဖုန်း ၀၉-၄၄၄၀၀၅၄၁ နှင့် နီးစပ်ရာ သူငယ်ချင်းများနှင့် ဆက်သွယ်၍ ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

*-*-*-*-*

*-*-*-*-*-*-*

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### အတွေးပန်းချီ

* ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်
ငှက်လေ့စီးရအောင် ။
ရေလှိုင်းလေးတွေ လူးလွန့်က
လက်ဆွဲနှုတ်ဆက်ကြ ။
တောင်သမန်အင်း ရေပြင်လွှာ
ရှုမျှော်မဆုံးပါ ။
ကောင်းကင်မှာ ငှက်တွေဝဲပျံကာ
လေဟုန်စီးကြတာ ။

* တံတားပေါ်က လေညင်းတွေ
ရင်ကို တိုးဝှေ့နေ။
နားနေဆောင်မှာ အပန်းဖြေ
ဘဝအမောပြေ ။

* တောင်သမန် မယ်ဇယ်လွင်ပြင်
အေးမြရှင်းသန့်စင် ။
သဇင်နွယ် စားသောက်ဆိုင်တွင်
စားသောက်ဖွယ် စုံလင် ။
မယ်ဇယ်ရိပ်မှာ ထိုင်ကာငေး
ငယ်ဘဝကိုတွေး
ပြန်လည်တမ်းတမြင်ယောင်သေး
အတွေးပန်းချီရေး ။ ။

မိုးထက်ကို(အမရပူရ)



❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျုံနိုဖန်နော်တောင် (ခ)ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် ၄၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် ဇူလိုင် ၁၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာသည့် ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် ၄၁ ဦး၏ လက်နက်၊ ခဲယမ်းများအား ကြည့်ရှုစဉ်။

စာမျက်နှာ ၁၀ သို့ ☆

## ဇွဲကပင်ယူနိုက်တက် အမျိုးသမီးအသင်းကို ဂိုးပြတ်နိုင်ပွဲဖော်ဆောင်နိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်း

**ရန်ကုန် ဇူလိုင် ၁၅**

ယနေ့ညနေပိုင်းက YUSC ကွင်း တွင်ယှဉ်ပြိုင်ကစားခဲ့သည့် ဇွဲကပင်ယူနိုက်တက်အမျိုးသမီး အသင်းနှင့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ဇွဲကပင်ယူ နိုက်တက်အမျိုးသမီးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။

ပထမပိုင်းတွင် ရန်ကုန် အမျိုးသမီးအသင်းက ဂိုးရရှိရေး အတွက် အစွမ်းကုန်ကြိုးစား၍ တိုက်စစ်မြှင့် ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်း အတွက်ဦးဆောင်ဂိုးကို အေးအေး ထွေး၏ မ, တင်ပေးပို့မှုမှ တစ်ဆင့် ရန်ကုန်အသင်းတိုက်စစ် ကစားသမား ဇင်မိုးပြည့်က မိနစ် ၄၀ တွင် ခေါင်းတိုက်သွင်းယူ ခဲ့ပြီး ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ရန်ကုန်အသင်းက တစ်ဂိုး၊ ဂိုး မရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန် အမျိုးသမီးအသင်းမှ တောင်ပံ ကစားသမားများအား လူစားလဲ ကာ ဦးဆောင်ဂိုးထပ်မံရရှိရေး အတွက်ကြိုးစားခဲ့သည်။ ရန်ကုန် အမျိုးသမီး အသင်းအတွက် ဒုတိယ ဦးဆောင်ဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ရရှိခဲ့ပြီး ဧရိယာ ထိပ်တွင်ရရှိခဲ့သည့် အလွတ် တည် ကန်ဘောကို ရန်ကုန်အမျိုး သမီးအသင်း ကွင်းလယ်ကစား သမား နန်းချိုမွှေးက တိုက်ရိုက် ကန်သွင်း၍ အလှပဆုံးအဆုံး သတ်နိုင်ခဲ့သည်။ ရန်ကုန်အမျိုး သမီးအသင်းအတွက် ပွဲသိမ်း အနိုင်ဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် လူစားဝင်သောကွင်းလယ်ကစား သမားဒေစီအောင်၏ ထောင့်ကန် ဘော ကန်တင်ပေးပို့မှုကို တိုက် စစ်ကစားသမား ဇင်မိုးပြည့်က ခေါင်းတိုက်သွင်းယူခဲ့ပြီး ပွဲပြီး ဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ဇွဲကပင် ယူနိုက်တက်အမျိုးသမီးအသင်း ကို သုံးဂိုး၊ ဂိုးမရှိနှင့် အနိုင်ရရှိ ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုး သမီးအသင်းသည် ပွဲစဉ် ၅ ပွဲ ကစား၊ ၄ ပွဲနိုင်၊ ၁ပွဲရှုံး၊ ရမှတ် ၁၂ မှတ်နှင့် တတိယနေရာတွင် ရပ်တည်နေပြီး လာမည့် ဇူလိုင် ၂၀ ရက်တွင် ဧရာဝတီအမျိုး သမီးအသင်းနှင့် YUSC ကွင်း တွင် ဆက်လက်ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။ (NGB)



## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

စာမျက်နှာ ၁၀ သို့ ○